# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၀)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ၂၁–၈–၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို စက်တင်ဘာ ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



နေပြည်တော် ဩဂုတ် ၂၀

ကမ္ဘာ့နိုင်ငံပေါင်း ၁၅၉ နိုင်ငံဖြင့် ပါဝင်ဖွဲ့စည်းထားသော ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်စဉ် စက်တင်ဘာ ၂၇ ရက်ကို "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့" အဖြစ် သတ်မှတ်ထားပြီး အဖွဲ့ဝင်နိုင်ငံများက ယင်းနေ့တွင် အခမ်းအနားများ ကျင်းပလေ့ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို စက်တင်ဘာ ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်၍ ယင်းနေ့အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများနှင့် အုပ်ထိန်းသူ ဆရာ ဆရာမများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယခုနှစ်အတွက် Georgia နိုင်ငံက အိမ်ရှင် Host Country အဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယခုနှစ်အပါအဝင် (၁၃) ကြိမ်ရှိပြီ ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်အလိုက် ဆောင်ပုဒ်များကို သတ်မှတ်ပေးလေ့ရှိပြီး ယခုနှစ်အတွက် ဆောင်ပုဒ်မှာ Tourism and Peace ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် "ခရီးသွားနှင့် ငြိမ်းချမ်းရေးလက်တွဲတူယှဉ် ဖော်ဆောင်ပေး" ဟု အဓိပ္ပာယ်ဖွင့်ဆို၍ ဆောင်ပုဒ်အား သတ်မှတ်ထားပါကြောင်း။

**အားသွန်ခွန်စိုက်ယှဉ်ပြိုင်**

၂၀၂၄ ခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများနှင့် ဓာတ်ပုံပြပွဲ၊ ခရီးသွားမြှင့်တင်ရေး Short Video Clip ပြိုင်ပွဲတို့ကို စီစဉ်ကျင်းပမည်ဖြစ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပြိုင်ပွဲခေါင်းစဉ်များကိုလည်း လက်ရှိခရီးသွားလုပ်ငန်းကဏ္ဍကို ထင်ဟပ်စေသော ခေါင်းစဉ်များကို ရွေးချယ်ထားပြီး ယနေ့ ပြိုင်ပွဲသို့ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်သွားကြမည် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့ကျရာ ခေါင်းစဉ်များကို အားသွန်ခွန်စိုက်ယှဉ်ပြိုင်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲနှင့် ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များ၊ အမှတ်ပေးအစီအစဉ်များအား ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်များက ငြိမ်းချမ်းရေးအတွက် ခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေး သို့မဟုတ် ခရီးသွားခြင်းဖြင့် ငြိမ်းချမ်းရေးကို မြှင့်တင်ခြင်း၊ အားလုံးပါဝင်သော ခရီးသွားလုပ်ငန်း၊ ငြိမ်းချမ်းရေးပေါင်းကူး သို့မဟုတ် ခရီးသွားခြင်းဖြင့် နားလည်မှုနှင့် ညီညွတ်မျှတမှုများကို တည်ဆောက်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုနေသည့် ခရီးသွားလုပ်ငန်း စသည့်ခေါင်းစဉ်ငါးခုကို မဲနှိုက်ရွေးချယ်၍ ကျရာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေကြာသီးနှံကို မိုးနှင့်ဆောင်းစိုက်ကေ တစ်သန်းကျော် စိုက်ပျိုးသွားမည်



ပြည်တွင်းစားသုံးမှု ဖူလုံရေး နှင့် ပြည်ပမှ ဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ နေကြာသီးနှံစိုက်ပျိုးခြင်းကို မိုးနှင့်ဆောင်းစိုက်ဧကအဖြစ် ဧကတစ်သန်းကျော် လျာထားဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။

နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နှမ်းစပါး၊ မိုးစပါး စီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းများ နေကြာသီးနှံနှင့် ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းစားသုံးမှုဖူလုံရေး မျှော်မှန်းအောင်မြင်စေရန် နေကြာသီးနှံကို သီးညှပ်စိုက်ပျိုးခြင်းထက် သီးထပ်သီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီးပြည်နယ်များအလိုက် စိုက်ဧကများ လျာထားသတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးပြည်နယ်အသီးသီး၌ နေကြာသီးနှံစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးနှင့်ဆောင်းစိုက်ဧက ၁ ဒသမ ၀၉သန်း လျာထားဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ (အောက်ဝဲပုံ)

နေကြာသီးနှံကို ၂၀၂၇-၂၀၂၈ခုနှစ်တွင် မိုးနှင့်ဆောင်း စုစုပေါင်းစိုက်ဧက သုံးသန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး နေကြာပွင့်များ အစေ့အဆန်ပြည့်ဝအောင်မြင်ပြီး ဆီထွက်နှုန်း ကောင်းမွန်စေရန်အတွက် ဝတ်မှုန်ကူးစက်မှုအကျိုးပြု ပျားမွေးမြူရေးကို တောင်သူများ တွဲဖက်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

တောင်သူအကျိုးပြု ဝတ်မှုန်ကူး အင်းစက်ပိုးမွှားများ ရှင်သန်ပေါက်ပွားမှုကို ထိခိုက်စေသည့် ပိုးသတ်ဆေးသုံးစွဲမှု လျှော့ချနိုင်ရေးအတွက်ကိုလည်း တောင်သူအသိပညာပေးစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဩဂုတ် ၁၉ရက်နေ့တွင် နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀၊ နေကြာဖတ်တစ်ပိဿာလျှင် ငွေကျပ် သုံးထောင်၊ ဆီနေကြာ ၂၇ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်–၆)

၀–၀–၀–၀–၀

၂၀၂၄ ခုနှစ် ၊ ဩဂုတ် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့။

## သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့် ကောက်ယူသွားမည်ဖြစ်သည်။

သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ကြီးကြပ်ကွပ်ကဲလမ်းညွှန်မှု၊ တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများ၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများ ချမှတ်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များ ရရှိနိုင်မည့်တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းပါအကြောင်းအရာများကို ပြည့်စုံမှန်ကန်စွာကောက်ယူနိုင်မှသာ အရည်အသွေးကောင်းမွန်ပြီး အောင်မြင်မည်ဖြစ်ရာ စာရင်းစစ်၊ စာရင်းကောက်များ၏ အရည်အချင်းပြည့်ဝမှုနှင့် ကြိုးစားအားထုတ်မှုတို့၏ အခန်းကဏ္ဍသည် အထူးပင်အရေးကြီးကြောင်း၊ သင်တန်းကာလမှာ ၁၀ ရက်တာဖြစ်ပြီး သင်တန်းသားအများစုသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှု အတွေ့အကြုံများရှိပြီးသားဖြစ်သည့်အတွက် သင်တန်းက ဆွေးနွေးပို့ချချက်များ၊ အတွေ့အကြုံများ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများနှင့် ပေါင်းစပ်ပြီး မြေပြင်အခြေအနေနှင့် ကိုက်ညီအောင် အကောင်းဆုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မန္တလေးတိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

တိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၄၃၀၀ ကျော် ခန့်ထားပြီးဖြစ်ကြောင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီမံချက်ရေးဆွဲကာ အချိန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူရန် စီမံဆောင်ရွက်သည့်လုပ်ငန်းများ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ရာ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ မြို့နယ်ရှိ (ဓ) ရပ်ကွက်၊ ၆၃ လမ်း၊ ၁၃၃ လမ်းနှင့် ၁၃၄ လမ်းကြား၊ သာသနာ့ဇောတိက ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်က သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်တဝင့် အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်သွင်က ပြန်လည်ဖြေကြားခဲ့သည်။



ထို့နောက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို သန်းခေါင်စာရင်းကော်မတီဝင်များက တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ခရိုင် ပြန်/ဆက်)

## မဟာအောင်မြေမြို့နယ် အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကြက်ခြေနီသင်တန်းဖွင့်လှစ်



**မန္တလေး ဩဂုတ် ၂၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော ကျောင်းကြက်ခြေနီသင်တန်းကို ယနေ့မှ စတင်ဖွင့်လှစ်ပေးလျက်ရှိသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ကြက်ခြေနီကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဒေါ်ဝါဝါရွှေက ကျောင်းသား၊ ကျောင်းသူများကို ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် ရှေးဦးပြုစုခြင်း အခြေခံသဘောတရားများအကြောင်း၊ ကြက်ခြေနီ၏ အခြေခံမူ(၇)ချက်နှင့် ကြက်ခြေနီသင်္ကေတနှင့် အဓိပ္ပာယ်များ၊ ဂျီနီဗာသဘောတူစာချုပ်(၄)ခု၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်(၃)ရပ်နှင့် အသင်း၏ အဓိကလုပ်ငန်းများအကြောင်း၊ ရှေးဦးပြုစုခြင်း အဓိပ္ပာယ်နှင့် အခြေခံသဘောတရားများ စသည်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ သင်တန်းကို အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၅၆)

### သတင်းများOnline မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အ·ထ·က(၅) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ညီညီတင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမြင့်ဆွေ(ရဲမှူးကြီး-ငြိမ်း)က မိတ်ဆက်နှုတ်ခွန်းဆက်စကားနှင့် မူးယစ်ဆေးဝါးအမျိုးအစားများအကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက ယနေ့လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးခိုင်က Vape အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဒေါ်သဲဇာခြည်မောင်က Party Drugs များအကြောင်းတို့ကို အသီးသီးဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများ မေးမြန်းခဲ့ကြသည်။



ဆက်လက်၍ MANA (mdy) အသင်းမှ လက်ကမ်းစာစောင်များ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်ပေါင်းစုံ(ဇုန်-၁)အုပ်စုအဆင့် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်-၁)၊ အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏ ဘောလုံး အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။





ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ ဆေးတက္ကသိုလ်နှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားရေးဆရာ ဆရာမများ၊ ဘောလုံးအားကစား အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများ၊ သက်ဆိုင်ရာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့် သူနာပြု/သားဖွားသင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်အဆင့် ကျင်းပပြုလုပ်မည် ပဋ္ဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်နှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် နေပြည်တော်၌ ကျင်းပမည့် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ယခုကဲ့သို့ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်-၁) အုပ်စုအဆင့် ဘောလုံးပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဆေးတက္ကသိုလ်နှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ကျောင်းသားများ အချင်းချင်းချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ လူငယ်များအနေဖြင့် ဇလငါးတန်ဖြင့် ပြည့်စုံသည့်လူငယ်များဖြစ်ရန် ပြုစုပျိုးထောင်ရာတွင် ကာယဗလနှင့် ပြည့်စုံရေး၊ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားသည် မရှိမဖြစ်အရေးကြီးပါကြောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အချင်းချင်း စည်းလုံးညီညွတ်မှုရရှိရေးနှင့် ဘောလုံးကစားခြင်းကို ပိုမိုစိတ်ဝင်စားမှုများလာစေရန် ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။(အပေါ်ပုံ)

ထို့နောက်ဆေးတက္ကသိုလ်နှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီနာယက ပြည်ထောင်စုဝန်ကြီးက ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူငွေကျပ်သိန်း ၆၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌက အလှူငွေကျပ်သိန်း ၅၀ နှင့် ဘောလုံးအလုံး ၅၀ တို့ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပြိုင်ပွဲဝင် အားကစားသမားများကို လိုက်လံနှုတ်ဆက်၍ ပြည်ထောင်စုဝန်ကြီးက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကိုလည်းကောင်း ဆုငွေများချီးမြှင့် ပေးအပ်ခဲ့ပြီး ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် ဇုန်(၁) အုပ်စုပွဲစဉ် (၁) အဖြစ် ဆေးတက္ကသိုလ်(၁)ရန်ကုန်အသင်းနှင့် ဆေးဝါးတက္ကသိုလ်အသင်းတို့ယှဉ်ပြိုင်ကြရာ ဆေးတက္ကသိုလ် (၁) ရန်ကုန်အသင်းက ဆေးဝါးတက္ကသိုလ် အသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆေးပညာနှင့် ဆေးနီးနွယ်တက္ကသိုလ်အသီးသီး၏ အသင်းလိုက် ပတ်လည်ဘောလုံးပြိုင်ပွဲများကို ဇုန် နှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ဇုန်(၁) ပြိုင်ပွဲများကို ရန်ကုန်မြို့တွင် ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်အထိ လည်းကောင်း၊ ဇုန်(၂)ပြိုင်ပွဲများကို နေပြည်တော်တွင် ဩဂုတ်၂၃ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များကို နေပြည်တော်၌ လည်းကောင်း ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ သွားရောက်စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းက တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားသို့သွားရောက်ကာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာနေမှုအခြေအနေများ၊ ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံ အဆင်ပြေလွယ်ကူချောမွေ့စွာ ဝင်/ထွက်သွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တံတားပေါ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကာ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကို ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲသို့ သွားရောက်ကာ ရုံးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည့်အတွက်ဝန်ကြီးဌာနမှချမှတ်ထားသည့်မူဝါဒလုပ်ထုံးလုပ်နည်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးစားဆောင်ရွက်ကြရန်၊ ထို့ပြင် ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို ကျွမ်းကျင်ရုံသာမက ဘာသာစကား၊ နည်းပညာနှင့် ခေတ်နှင့်လျော်ညီသည့် စွမ်းဆောင်ရည်များပြည့်ဝရန်၊ ဝန်ကြီးဌာနနှင့်နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများဖြစ်ရန် စဉ်ဆက်မပြတ် ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အာဆီယံကလပ်ပြိုင်ပွဲ ယနေ့စတင်မည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်း အဝေးကွင်း ကစားရမည်

ရန်ကုန် ဩဂုတ် ၂၀

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဩဂုတ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်းပွဲ စတင်ကစားရမည် ဖြစ်သည်။

ပြိုင်ပွဲတွင် ခြောက်သင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် BG ပါသွန်ယူနိုက်တက် (ထိုင်း)၊ တီရန်ဂါနူး(မလေးရှား)၊ ထန်ဟွာ (ဗီယက်နမ်)၊ မာကာဆာ(အင်ဒိုနီးရှား)၊ Preah Khan Reach Svay Rieng (ကမ္ဘောဒီးယား)၊ ရှမ်းယူနိုက်တက် (မြန်မာ)၊ အုပ်စု(ခ)တွင် ဘူရီရမ်ယူနိုက်တက်(ထိုင်း)၊ ကွာလာလမ်ပူစီးတီး(မလေးရှား)၊ ဟန်ွိုင်း(ဗီယက်နမ်)၊ ဘော်နီယို(အင်ဒိုနီးရှား)၊ ကာယာ(ဖိလစ်ပိုင်)၊ Lion City Sailors (စင်ကာပူ)တို့ ပါဝင်နေသည်။ အုပ်စုပထမနေ့အဖြစ် ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်း၊ မလေးရှားနိုင်ငံ၌ မလေးရှားကလပ် တီရန်ဂါနူးအသင်းနှင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်း၊ ဩဂုတ် ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်ကလပ် ဟန်ွိုင်းအသင်းနှင့် ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်းနှင့် စင်ကာပူကလပ် Lion City Sailors အသင်း၊ မလေးရှားနိုင်ငံ၌ မလေးရှားကလပ် ကွာလာလမ်ပူစီးတီးအသင်းနှင့် ဖိလစ်ပိုင်ကလပ် ကာယာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုငါးပွဲအနက် နှစ်ပွဲကို အိမ်ကွင်း၊ သုံးပွဲကို အဝေးကွင်းကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၂၁ ရက်တွင် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ကစားပြီးပါက စက်တင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အဝေးကွင်း၊ ဇန်နဝါရီ ၈ ရက်တွင် မလေးရှားကလပ် တီရန်ဂါနူးအသင်းနှင့် အိမ်ကွင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် အိမ်ကွင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းနှင့် အဝေးကွင်း ထပ်မံကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-သော်ကြီး



## တိရစ္ဆာန်ဆေးဝါး၊ အစာနှင့် မျိုးတိရစ္ဆာန်များ ပြည်ပမှတင်သွင်းနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဩဂုတ် ၂၀

တိရစ္ဆာန်ဆေးဝါး၊ အစာနှင့် မျိုးတိရစ္ဆာန်များ ပြည်ပမှ တင်သွင်းနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိရစ္ဆာန်သုံးဆေးဝါး လုပ်ငန်းသုံးပစ္စည်းကိရိယာ ထုတ်လုပ်ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း၊ မျိုးခြံနှင့် ဥဖောက်လုပ်ငန်းရှင်များအစုအဖွဲ့၊ ပြည်ပမှ တင်သွင်းသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဟာရပြည့်ဝသောစားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသေးသည့် မရှိမဖြစ်လိုအပ်သော မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးနှင့် မျိုးရင်းတိရစ္ဆာန်များကို ပြည်ပမှ တင်သွင်းရလျက်ရှိကြောင်း၊ တိရစ္ဆာန်အစာတွင် လိုအပ်သည့် အသားဓာတ်အတွက် ပဲပုပ်ဖတ်ကို ပြည်ပမှတင်သွင်းမှုကို (၃)နှစ်အတွင်း အပြီးလျှော့ချသွားရန်နှင့် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ပဲပုပ်ဆီကြိတ်ဖတ်ဖြင့် အစားထိုးသုံးစွဲသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် တိရစ္ဆာန်အရှင်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အေးခဲအသားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရန် Protocol များ ညှိနှိုင်းခြင်း၊ မလေးရှားနိုင်ငံသို့ သိုး၊ ဆိတ် အရှင်များ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာအစီအမံနှင့် Health Certificate မူကြမ်းတို့ကို ပေးပို့ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးကဏ္ဍအနေဖြင့် လိုအပ်သည့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ၊ ကုသဆေးများ၊ ဖြည့်စွက်အားဆေးများ၊ အစာကုန်ကြမ်းများ၊ မျိုးရင်းတိရစ္ဆာန်များနှင့် မွေးမြူရေးသုံးပစ္စည်းများအချိုးညီစွာ အချိန်နှင့်တစ်ပြေးညီ တင်သွင်းနိုင်ရန် လိုအပ်ကြောင်း၊ ကုန်ပစ္စည်းပြတ်လပ်မှုမဖြစ်ပေါ်စေရေး ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရန် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိရစ္ဆာန်သုံးဆေးဝါး လုပ်ငန်းသုံး ပစ္စည်းကိရိယာ ထုတ်လုပ်ရောင်းချသူများအသင်း၊ ပြည်ပမှ တင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဦးစားပေးတင်သွင်းလိုသည့် အမျိုးအစားနှင့် ပမာဏကို ယခုဆွေးနွေးပွဲတွင် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက မွေးမြူရေးတိရစ္ဆာန်အစာ၊ဆေးဝါးနှင့် မျိုးတိရစ္ဆာန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးလိုအပ်ချက်များနှင့် မျိုးတိရစ္ဆာန် မျိုးရင်းလိုအပ်ချက်များ၊ မွေးမြူရေးအစာ တင်သွင်းခွင့်ရရှိနေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





ပုသိမ်-ဟသ်ာတ-ကြံခင်းရထားလမ်းပိုင်းအတွင်း ရေကြီး/ရေလျှံမှုဖြစ်စဉ်ကြောင့် ရထားလမ်းနှင့် တံတားများ ထိခိုက်ပျက်စီးမှုများကို စစ်ဆေးပြုပြင်နေစဉ်။

## ပုသိမ်-ဟသ်ာတ-ကြံခင်းရထားလမ်းပိုင်းတွင် ရေကြီးရေကျော်မှု ကျဆင်းသွားသဖြင့် လူစီးရထားခရီးစဉ်များ ယနေ့မှစတင်၍ ပြန်လည်ပြေးဆွဲ

နေပြည်တော် ဩဂုတ် ၂၀

လက်ရှိမိုးရာသီကာအတွင်း ဇူလိုင် ၂၇ ရက်မှစ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရေကြီးရေလျှံမှုများကြောင့် မြန်မာ့မီးရထား၏ ပုသိမ်-ဟသ်ာတ-ကြံခင်း ရထားလမ်းပိုင်းအတွင်း ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့အတွင်း နေရာအချို့တွင် ရထားသံလမ်းပေါ်သို့ ရေကျော်တက်ခြင်း၊ ရထားတံတားအချို့၏ ရေလယ်တိုင်နှင့် ကမ်းကပ်ခုံများ ရေတိုက်စားခံရခြင်းတို့ကြုံတွေ့ခဲ့ရသဖြင့် ရထားခရီးစဉ်များကို ယာယီရပ်နားထားခဲ့ရပြီး ရေကျော်စီးဆင်းနေသောနေရာများတွင် ရေကင်းစောင့်ဝန်ထမ်းများ နေ့/ည မပြတ်တာဝန်ချထား၍စောင့်ကြည့်ခြင်း၊ ရေကျသွားသည့် ရထားလမ်းပိုင်းအတွင်း မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက သံလမ်းပြေးယာဉ် RGC များအသုံးပြု၍ ကျောက်များချခြင်း၊ ရထားလမ်းနှင့်တံတားများ၏ ကြံ့ခိုင်ရေးလုပ်ငန်းများကို နေ့စဉ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယခုအခါ ဩဂုတ် ၁၉ ရက် တိုင်းတာစစ်ဆေးချက်များအရ ဇရပ်လှ-ရေကြည် လမ်းပိုင်းအတွင်း သံလမ်းမျက်နှာပြင်အောက် တစ်လက်မခန့်အထိ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ရထားလမ်းပိုင်းနှင့် တံတားကြံ့ခိုင်မှုများ စစ်ဆေးမှုအရ ရထားများဖြတ်သန်း စေလွှတ်နိုင်ပြီဖြစ်၍ သံလမ်းပြေးယာဉ် RGC များဖြင့် စမ်းသပ်ပြေးဆွဲခဲ့ပြီး ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်ခဲ့ပြီး ယနေ့မှစတင်၍ ပုသိမ်-ဟသ်ာတ-ကြံခင်း ရထားလမ်းပိုင်းတွင် ယာယီရပ်နားထားသော အမှတ်(၁၈၁) အဆန်လူစီးအမြန်ရထားကို ပုသိမ်မှကြံခင်းသို့လည်းကောင်း၊ အမှတ်(၁၈၂)အစုန်လူစီးအမြန်ရထားကို ဟသ်ာတမှ ပုသိမ်သို့လည်းကောင်း ပြေးဆွဲပေးခဲ့သည်။

ထို့အတူ ခရီးစဉ်အစအဆုံးဖြစ်သည့် ပုသိမ်-ဟသ်ာတ-ကြံခင်း အစုန်/ အဆန် ရထားများကို ဩဂုတ် ၂၁ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာ့မီးရထားအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ပနိုင်ငံသို့ တရားမဝင်သွားရောက်သူအများစုမှာ အဆင်မပြေမှု ကြုံတွေ့နေရသည့်အတွက် တရားဝင်လမ်းကြောင်းမှသာ သွားရောက်ကြရန်လို

ရန်ကုန် ဩဂုတ် ၂၀

ပြည်တွင်းစက်ရုံလုပ်ငန်းခွင်တွင် အလုပ်ဝင်နေရာမှ ပြည်ပသို့ တရားမဝင် သွားရောက်ကြရာ အများစုမှာ အဆင်မပြေမှု ကြုံတွေ့ရသည်ဟု သိရသည့်အတွက် တရားဝင်လမ်းကြောင်းမှသာ သွားရောက်ကြစေလိုကြောင်း အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးနေသူများက တိုက်တွန်းပြောဆိုသည်။

စက်မှုဇုန်လုပ်သားများအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့သို့ တရားမဝင်လမ်းကြောင်းများမှ သွားရောက်နေကြပြီး ချိတ်ဆက်သွားသည့် အခြေအနေအပေါ်မူတည်ပြီး အလုပ်ရသူအချို့ရှိသော်လည်း အများစုမှာ အဆင်မပြေမှုများကြုံတွေ့ရကာ အချို့မှာ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်သူများလည်း ရှိနေခြင်း ဖြစ်သည်။

"တရားမဝင်လမ်းကြောင်းတွေက အခုဆိုရင်လည်း တရုတ်နိုင်ငံဘက်ကိုထွက်ကြတယ်။ ကျွန်မတို့ပြောလည်း တရားမဝင်နဲ့ သွားနေတာက မသေချာဘူး။ အဲဒီကိုရောက်နေတဲ့ သူတွေက ပြန်ခေါ်တာ။ အဲဒီလိုထွက်သွားတဲ့ထဲမှာဆိုရင် ၁၀ ယောက်လောက် ထွက်သွားတာ၊ နှစ်ယောက်လောက်ပဲ ဟိုမှာအဆင်ပြေတယ်။ ကျန်တဲ့ ခြောက်ယောက်က သွားလို့မရတာတို့၊ ဘာတို့ရှိတယ်။ ထိုင်းနိုင်ငံဘက်ဆိုရင်လည်း ဒီလိုပဲ။ ကျွန်မတို့က တရားဝင်လမ်းကြောင်းကနေ သွားဖို့ တွန်းအားပေးပေမယ့် တရားမဝင်သွားကြတယ်။ အဲဒီအခါ အဆင်မပြေလို့ ပြန်လာကြတာမျိုးလည်းရှိတယ်။ သူတို့ရဲ့ ချိတ်ဆက်သွားတဲ့အခြေအနေအပေါ်မူတည်ပြီး အလုပ်ရတာ၊ မရတာမျိုးလို့ ပဲထင်တယ်။တချို့ ကျတော့လည်းဟိုဘက်မှာလုံးဝအဆင်မပြေဘူး"ဟု အလုပ်သမားများကို ကူညီဆောင်ရွက်ပေးနေသူတစ်ဦးက ပြောကြားသည်။

ပြည်ပသို့ ရောက်ရှိနေသူများနှင့် ပြည်တွင်းရှိ နေထိုင်သူများအနေဖြင့်လည်း တရားဝင်လမ်းကြောင်းမှ သွားရောက်နိုင်ပါက အကောင်းဆုံးဖြစ်ပြီး မိမိ၏ ရေရှည်အကျိုးအပြစ်ကိုသိရှိပြီး သွားရောက်ခြင်းက အကောင်းဆုံးဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

"ပြည်ပသွားတဲ့သူတွေရော၊ ပြည်တွင်းမှာကျန်နေတဲ့သူရော ကိုယ်ရဲ့ရေရှည်ကိုတိုင်းထွာပြီး သွားတာက အကောင်းဆုံးပါ။ ကိုယ်က ဟိုဘက်မှာ ဘယ်လောက်အထိ အချိတ်အဆက်ရထားလဲ၊ ဘာမှ မရထားဘဲ ဒီကလစာနည်းလို့သွားမယ်ဆိုတာမျိုးတော့ မဖြစ်သင့်ဘူးပေါ့။ ဟိုရောက်မှ ဒုက္ခဖြစ်နေကြတာရှိနေတော့လေ" ဟု ၎င်းက ရှင်းပြသည်။

MT

# ညောင်ဦးမြို့နယ်အတွင်း အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပ



**ညောင်ဦး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာရေး၊ လက်မှုလယ်ယာစနစ်မှစက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှု ပြဿနာဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများစွာကို ထွန်ယက်စိုက်ပျိုးခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း စသည့် ကောင်းကျိုးများစွာရရှိစေရန်၊ ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်နှင့်မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၈ နာရီက ညောင်ဦးမြို့နယ်အထက်ညဉ့်ကျေးရွာ၊ ကွင်းအမှတ်(၁၃၄၃) ရှိဒေသခံတောင်သူ ဦးဟန်သောင်း၏ လယ်မြေ(၂)ဧက အတွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက် စက်အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းအလယ်မျက်နှာပြင် ညီညာရန်လိုအပ်ခြင်း၊ ပျိုးဘန်းအတွင်းပျိုးထောင်ရန်အတွက် နေရာအနည်းငယ် သာလိုအပ်ခြင်း၊ မျိုးစေ့နှုန်းထား အနည်းငယ်ဖြင့် စပါးအထွက် နှုန်းကောင်းမွန်စေခြင်း၊ ကောက်ကွက်နှင့် ကောက်ပင်အတိမ်အနက် လိုအပ်သလိုချိန်ညှိစိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးခြင်းကြောင့် ပင်ပွားအရေအတွက်များများ ရရှိနိုင်ခြင်း၊ တစ်ဧကကောက်ကွက်ပြည့်မီခြင်း၊ အချိန်တိုအတွင်း ဧကများများစိုက်ပျိုးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲလာသည့်တွင် အချိန်အခါမီ စိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များကို စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဉာဏ်လင်းလက်မှ အသေးစိပ်ရှင်းပြသည်။

အင်ဂျင်စွမ်းအားသုံး(၆) တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြ စိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တအတွင်းရေးမှူး ဦးနိုင်ဝင်း၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်၊ ခရိုင်စီမံအဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ညောင်ဦးမြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဝင်းသိန်း၊ မြို့နယ် ဦးစီးမှူး ဦးမြင့်သူနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာ(၆)ရွာမှ ဒေသခံမိုးစပါးစိုက်ပျိုးတောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

(၄၈၁)

# ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ(၅၉)ဌာနမှ ဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝန်းတို့တွင် ခရိုင်/မြို့နယ်ဆင့် ဦးစီးဌာန(၅၉) ဌာနမှ ဝန်ထမ်းပေါင်း(၄၄၀၃) ဦးအား ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ ရောင်းချပေးခဲ့သည်။

စားအုန်းဆီများရောင်းချပေးရာတွင် ဝန်ထမ်း(၁)ဦးလျှင် စားအုန်းဆီ(၁)ပိဿာနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် စားအုန်းဆီများကို Resources Group Trading Co,Ltd ကုမ္ပဏီမှ ရည်ညွှန်းဈေး ဝယ်ယူပြီး ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဝင် စားသုံးဆီလက်လီ၊ လက်ကားအရောင်းဆိုင်များမှ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရောင်းချရာတွင် ဝယ်ယူသူများအဆင်ပြေစေရေး ရုံးများခွဲ၍ ရောင်းချပေးခဲ့ ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် ခရိုင်အတွင်းရှိ ပြည်သူများ၊ ဌာနဆိုင်ရာများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ လူမှုရေးအသင်းများ စားသုံးဆီ အခက်အခဲမရှိစေရေး စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများနှင့် ချိပ်ဆက်၍ စားအုန်းဆီများဝယ်ယူ၍ ဈေးနှုန်းချိုသာစွာဖြင့် စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)

၀-၀-၀-၀-၀



# မင်းဘူးမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**မင်းဘူး ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ရှိ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁)ဦးလှိုင်မျိုးကျော်က ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်ပြီး မင်းဘူးမြို့ အ·ထ·က(ခွဲ)မြို့မကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက စနစ်တကျ လက်ဆေးကြပါစို့ သရုပ်ဖော်များဖြင့် တင်ဆက်ကာ ဖျော်ဖြေခဲ့ကြပြီး အစာအုပ်စုဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ကျောင်းကျန်းမာရေးတွင် သီတင်းပတ်အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ခရိုင်မိခင်နှင့် ကလေးဗဟုသုတ ဉာဏ်စမ်းမေးခွန်း(၁၀၀)ဖြေဆိုပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင် မိခင်များနှင့် နို့တိုက်မိခင်များအား ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လိုအပ်သည့် ဆေးဝါးများ၊ ဖီးကြမ်းငှက်ပျောသီး၊ ကြက်ဥနှင့် အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၄)

၀-၀-၀-၀-၀

# မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြဆောင်ရွက်

**တံတားဦး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ကျောင်းတွင် ကျင်းပရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူအောင်က ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အသိပညာပေးပြောကြားရာတွင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြုံတွေ့ရသည့်အခါ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုန့်ပြန်ဖြေရှင်းပေးနိုင်ရန် စဉ်ဆက်မပြတ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒါ့အပြင် သဘာဝဘေးကြောင့် ပြိုကျပျက်စီးသည့် အသွင်သဏ္ဌာန်တူပြုလုပ်၍ လေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးဌာနဝန်ထမ်းများ ဦးဆောင်ပြီး ရှာဖွေကယ်ဆယ်ရေးအတွက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရှာဖွေကယ်ဆယ်ရေးကို ဇာတ်တိုက်သရုပ်ပြဆောင်ရွက်ကြသည်။ ဆက်လက်၍ မီးငြိမ်းသတ်ရေးနှင့် ပတ်သက်ပြီး မြို့နယ်ဦးစီးအရာရှိက မီးသတ်ဆေးဘူးအသုံးပြုရေးနှင့် ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ရေးတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ အဆိုပါ သရုပ်ပြဆောင်ရွက်ရာသို့ အ·ထ·က၊ တံတားဦး ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း (၁၈၅)ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၀၉)

၀-၀-၀-၀-၀

# စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Center ခန်းမတွင် ယနေ့နံနက် ၉ နာရီခွဲက ပိန်းတန်း အခြေခံပညာမူလတန်းကျောင်းနှင့် ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ပြုလုပ်ခဲ့သည်။



စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများအပြင် ကလေးငယ်များ လူအများရှေ့ထွက်ပြီး ဟောပြောတတ်စေရန်၊ စာပေများဖတ်ရှုချင်စိတ်များဖြစ်ပေါ်လာစေရေးနှင့် အချင်းချင်း ပူးပေါင်းတတ်စေရေးတို့အတွက် ကဗျာရွတ်ပြိုင်ပွဲများ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားစေခြင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း ဦးစီးအရာရှိ ဒေါ်တင်တင်လှထံမှ သိရသည်။ (ဝဲပုံ)

စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကိုလည်း ဟောပြောပွဲများ၊ နံရံကပ်စာစောင်ပြပွဲများ၊ စာအုပ်စာစောင်ပြပွဲများနှင့် လူငယ်စကားဝိုင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# ဝါခေါင်လနှင့် မြန်မာ့ယဉ်ကျေးမှု

ဆရာစန်း(မန်းမြို့သစ်)

### မိုးများသည့်လ

မြန်မာတို့၏ ဝါခေါင်လသည် မိုးဥတုအလယ်ပိုင်းတွင် ကျရောက်၍ မိုးများသောလ ဖြစ်သည်။ သဘာဝတရားအရ မိုးရွာသွန်းခြင်းတွင် သူ့ဒေသနှင့်လိုက်ဖက်စွာ ရွာသွန်းလေ့ရှိသည့် မိုးကို လူအများနှစ်သက်ကြသည်။ မိုးရွာမည့်မျှော်လင့်ချက်ဖြင့် စိုက်ပျိုးသော သီးနှံစိုက်ခင်းများရှိရာ ဒေသတွင်မူ မိုးလေးတစ်ဖြိုက် နှစ်ဖြိုက်ရွာပါမှ စိုက်ပျိုးသီးနှံအောင်သည်။ ဒေသခံများ နှစ်သက်ကြသည်။ မြန်မာနိုင်ငံအောက်ပိုင်း အချို့ဒေသများတွင်မူ မိုးများလှသည့်အပြင် ချောင်းရေ၊ မြစ်ရေပါလျှံတက်သဖြင့် စိုက်ပျိုးသီးနှံများသာမက လူနေအိမ်ခြေနှင့် လမ်းပန်းဆက်သွယ်ရေးတို့မှာပင် ပျက်စီးလေ့ရှိသည်။

ပြီးခဲ့သည့် ဝါဆိုလဆန်းပိုင်းတွင် မိုးရောလေပါ တိုက်ခတ်ရွာသွန်းသဖြင့် မြစ်ရေလျှံတက်ကာ ဒေသအချို့ ရေဘေးကျရောက်ခဲ့ရသည်။ ဝါဆိုလပြည့်ကျော်သည်နှင့် မိုးခေတ္တ စဲသွားသည်။ သို့သော် မိုးဥတုအားလျော့စွာ တစ်နေကုန် အုံ့ဆိုင်းနေလေ့ရှိသည်။

### တစ်နှစ်တာ၏ ပဉ္စမမြောက်လ

မြန်မာတို့၏ တစ်နှစ်တာတွင် ဆယ့်နှစ်လရှိရာ ဝါခေါင်လသည် ပဉ္စမမြောက်လ၊ မိုးဥတုတွင် ကျရောက်သောလ ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါဆိုလသည် ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်တွင် လကွယ်သဖြင့် ဝါခေါင် လဆန်း ၁ ရက်သည် ဩဂုတ်လ ၅ ရက် (တနင်္လာနေ့)ဖြစ်သည်။ လကွယ်နေ့မှာ စက်တင်ဘာလ ၂ရက် (တနင်္လာနေ့)ဖြစ်သည်။ သို့ဖြစ်၍ ရက်မစုံလ ၂၉ ရက်သာရှိသောလ ဖြစ်ပေသည်။ ဝါခေါင်လပြည့်နေ့မှာမူ ဩဂုတ်လ ၁၉ ရက် ဖြစ်သည်။ 'မြန်မာအဘိဓာန်'တွင် ဖော်ပြထားသော ဆယ့်နှစ်ရာသီအရပ်၊ ပွဲ၊ ပန်း၊ နက္ခက်ပြဇယားအရ ဝါခေါင်လမှာ 'သိဟ်ရာသီ' ဖြစ်သည်။ ရာသီရုပ်မှာ 'ခြင်္သေ့ရုပ်' ဖြစ်သည်။ ရာသီပွဲတော်မှာ 'စာရေးတံပွဲတော်'နှင့် ရာသီပန်းမှာ 'ခတ္တာပန်း' စန်းယှဉ်နက္ခတ် မှာ 'သရဝဏ်နက္ခတ်' ဖြစ်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်၍ ရေးစာဆို ဦးပုံးချို့က

**'ဝါခေါင်မှာ ငွေတောင်မြစ် ပြည့်လျှမ်း**
**ခတ္တာငုံချပ်လွှာမှုန် တကြုံကြုံနဲ့**
**ပြည်နီဗျူ ပတ္တနာသန်လို့**
**စာရေးတံလှူတော်ပွဲကို နွဲပျော်စို့လှမ်း'** ဟူ၍ စပ်ဆိုရေးဖွဲ့ခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်နှစ်တာပတ်လုံး နေရောင်ခြည်ရနိုင်သော ရာသီဥတုများရှိသဖြင့် မိုးလေ ကင်းစင်သည်နှင့် နေရောင်ခြည်အောက်ဝယ် ပန်းပေါင်းစုံဖူးကြ၊ ပွင့်ကြကာ အလှချင်းယှဉ်ကြသည်။ ဖွန်ပန်း၊ စံပယ်ပန်းတို့ကလည်း မတုံးသေး၊ ပွင့်ဖူးမြဲ ဖြစ်သည်။ နှင်းဆီပန်းရောင်စုံတို့မှာလည်း ဘုရားစေတီ၊ ပုထိုးများတွင် ကပ်လှူပူဇော်သည်သာမက အိမ်တိုင်းမှာလည်း ပန်ဆင်ကြသည်။ ဒေလီယာပန်းရောင်စုံ၊ ဂန္ဓမာပန်းရောင်စုံ၊ ရွှေပန်း၊ ငွေပန်း၊ ထနောင်းပန်း၊ ဆူးရစ်ပန်း၊ ကြောင်ခြစ်ပန်း၊ ရွက်လှပန်းတို့အလယ်တွင်





'ခတ္တာပန်း'မှာ အလှဆုံး၊ မျက်နှာအရဆုံးပန်း ဖြစ်နေသည်။ ပွဲတော်မှာကား 'စာရေးတံပွဲတော်' ဖြစ်သည်။

### စာရေးတံပွဲတော်

စာရေးတံပွဲတော်မှာ နိုင်ငံအဝန်းခြိမ့်ခြိမ့်သဲမျှ ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်သည်။ အချို့ မြို့ရွာရပ်ကွက် ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံတိုင်းတွင် ဝါတွင်းကာလ ဝါခေါင်လအတွင်း ဆွမ်းသာမက လှူဖွယ်ပစ္စည်းများစွာတို့ကို ဆွမ်းခံရဟန်းသံဃာတို့အား စာရေးတံမဲချ၍ လှူသည့်ဓလေ့မှာ ယနေ့တိုင်ရှိသည်။ 'စာရေးတံမဲအလှူပွဲ'သည် မြန်မာ့ယဉ်ကျေးမှုစင်စစ်ဖြစ်သည်။

မြတ်စွာဘုရားလက်ထက်တော်က ရဟန်းတစ်ပါးသည် အဂတိတရားကင်းစွာဖြင့် ဘက်မလိုက်ဘဲ ရဟန်းသံဃာများအား ပင့်ဖိတ်နိုင်ရန် ရည်ရွယ်၍ သစ်သားတံ၊ ဝါးတံ၊ ပေရွက်လိပ် စသည်တို့ကို မဲလိပ်လုပ်၍ ဆွမ်းဒကာအမည်၊ နေရပ်မှတ်တမ်းဖြင့် ရဟန်းသံဃာတို့ အလှည့်ကျ မဲနှိုက်စေကာ မဲကျရာအိမ်သို့သာ ဆွမ်းစားကြွရန် စီစဉ်ရာမှ စခြင်းဖြစ်ကြောင်း မှတ်သားခဲ့ရသည်။ စာရေးတံမဲလိပ်ချ၍ ဆွမ်းစားပင့်သည့် ယဉ်ကျေးမှုသည် မြတ်စွာဘုရားရှင်လက်ထက်မှ ခေတ်အဆက်၊ ဘုရင်အဆက်ဆက် ထွန်းကားခဲ့သည်။ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ယနေ့ကာလ ကျေးလက်ဘုန်းတော်ကြီးကျောင်းများ၊ မြို့ပြရှိ

> **စာရေးတံပွဲတော်မှာ နိုင်ငံအဝန်းခြိမ့်ခြိမ့်သဲမျှ ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်သည်။**
> **အချို့ မြို့ရွာရပ်ကွက် ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံတိုင်းတွင်**
> **ဝါတွင်းကာလ ဝါခေါင်လအတွင်း ဆွမ်းသာမက လှူဖွယ်ပစ္စည်းများစွာတို့ကို**
> **ဆွမ်းခံရဟန်းသံဃာတို့အား စာရေးတံမဲချ၍ လှူသည့်ဓလေ့မှာ ယနေ့တိုင်ရှိသည်။**
> **'စာရေးတံမဲ အလှူပွဲ'သည် မြန်မာ့ယဉ်ကျေးမှုစင်စစ် ဖြစ်သည်။**

ဓမ္မာရုံများဘုန်းတော်ကြီးကျောင်းများတွင်လည်း စာရေးတံအလှူပွဲများ ရိုးရာမပျက်ကျင်းပပြုလုပ်ဆဲဖြစ်သည်။ စာရေးတံအလှူပွဲတွင် ဆွမ်း၊ ဆွမ်းဟင်းအပြင် အလှူရှင်များက ကြိုတင်လှူဒါန်းထားကြသည့် ပရိက္ခရာများ၊ မဲဆွယ်များ ပါဝင်လေရာ ဦးစီးကျင်းပသူဂေါပကများအနေဖြင့် လှူဖွယ်ပစ္စည်းထုပ်များ နံပါတ်တပ်၍ မဲဖောက်ဆောင်ရွက်လေ့ရှိသည်။ အလှူရှင်နှင့် ပရိသတ်တို့ကလည်း အလှူကြီးတမျှ စိတ်ဝင်စားစွာ အားပေးလှူဒါန်းကြသည်။

### မေတ္တာအခါတော်နေ့

လွန်ခဲ့သော ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကာလ ဂေါတမဗုဒ္ဓဘုရားလက်ထက်တွင် ဘုရားရှင်က ရဟန်းအပါး ၅၀၀ တို့အား ကမ္မဋ္ဌာန်းတရား ချီးမြှင့်ပြီးနောက် ဟိမဝန္တာတောအတွင်း ဝါတွင်းကာလ ဝါဆို၊ ဝါကပ်ပြုကာ တရားအားထုတ်ရန် စေလွှတ်ခဲ့သည်။ ရဟန်းတို့လည်း တောတွင်းသို့ကြွကြသည်။ ဤတွင် တောတောင်အတွင်းရှိ ရုက္ခစိုး စသည့်နတ်များသည် မိမိသစ်ပင်ရိပ်တွင် ဝါဆိုဝါကပ်သည့် ရဟန်းရှိလာသဖြင့် သစ်ပင်ထက်ဘုံတွင် မနေရဲဘဲ မြေပေါ်သို့ သက်ဆင်းကြရသဖြင့် ပင်ပန်းဆင်းရဲခြင်းဖြစ်ကြသည်ဟု ဆိုသည်။ ထိုအခါ ရုက္ခစိုးတို့အချင်းချင်းတိုင်ပင်လျက် တရားကျင့်သည့် ရဟန်းတို့အား အနှောင့်အယှက်ပြုကြရာ ရဟန်းတို့လည်း တောတွင်းမနေရဲတော့သည်ဖြစ်၍ မြတ်စွာဘုရားထံ ကျိုးကြောင်း လျှောက်ထားကြရတော့သည်။

မြတ်စွာဘုရားက 'ရဟန်းတို့ မပူပင်ကြလင့်' ဟု ဆိုကာ 'မေတ္တာသုတ်ပရိတ်တော်'ကို ချီးမြှင့်သည်။ တရားကျင့်မည့် တောတွင်းရောက်သည့်အခါ မေတ္တာသုတ်ပရိတ်တော်၏ မေတ္တာတန်ခိုးဖြင့် ရုက္ခစိုးတို့သည် အနှောင့်အယှက် မပြုတော့ဘဲ ခရီးဦးကြိုပြု၍ ကူညီကြသည်။ ရဟန်းတို့လည်း ကောင်းမွန်စွာတရားကျင့်နိုင်ကြသည်ဖြစ်၍ ဝါကျွတ်သည့်အခါ ရဟန်းအားလုံး ရဟန္တာဖြစ်ကုန်ကြသည်အထိ မေတ္တာအစွမ်း၊ မေတ္တာတန်ခိုးကြီးမားသည်ကို ရည်စူး၍ မေတ္တာသုတ် ပရိတ်တော်ကို ဝါခေါင်လပြည့် အခါသမယတွင် ရွတ်ဖတ်ကြသည်။ အလှူဒါနပြုကြသည်။ သီလယူကြ၊ ဥပုသ်သီတင်းစောင့်ကြသည်။ ဤသည်ကို အကြောင်းပြု၍ 'မေတ္တာအခါတော်နေ့'ကို နှစ်စဉ် ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့ယဉ်ကျေးမှုစင်စစ်ပင် ဖြစ်ပေသည်။

### မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ

မြန်မာ့ယဉ်ကျေးမှုဟူသည် ရှေးအစဉ်အဆက်မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့လှသည့် အစဉ်အလာကို မွမ်းမံ၊ တိုးတက်စေပြီး ရေရှည်တည်တံ့ရေးကြိုးပမ်းခဲ့သည့် ယဉ်ကျေးမှုသာ ဖြစ်ပေသည်။

ဝါခေါင်လတွင် ဝါခေါင်မိုးနှင့်အတူ တစ်ပြည်လုံးစိုပြည်အေးမြပြီး အဓိကရိက္ခာ ကောက်ပဲသီးနှံ စိုက်ပျိုးအောင်မြင်ရေး ကြိုးပမ်းကြသည့်လ ဖြစ်သည်။ ပန်းမျိုးစုံပွင့်ဖူးပြီး ခတ္တာပန်းက အလှသရဖူ ဆောင်းသည့်လလည်း ဖြစ်ပေသည်။

လတကာလတို့တွင် ဝါခေါင်လသည် 'ဂုဏ်ရှိန်ထွန်းပြောင်သောလ' ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jung Kook ၏ I Am Still ထုတ်လုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားထား




BTS အဖွဲ့ဝင် Jung Kook ၏ Cinemark website's description for Jung Kook's I Am Still Movie ထုတ်လုပ်ရခြင်းရည်ရွယ်ချက်ကို တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားထားသည်ကို ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါမှတ်တမ်းရုပ်ရှင်နှင့် ဖျော်ဖြေတင်ဆက်မှုကို ထုတ်လုပ်ရခြင်းရည်ရွယ်ချက်မှာ BTS ၏ အအောင်မြင်ဆုံးအဖွဲ့ဝင်ဟု လူသိများသည့် Jung Kook ၏ လင်းလက်တိုးတက်လာသည့် တစ်ကိုယ်တော်အနုပညာရှင်အနေနှင့် Golden Album သစ်ဖန်တီးခဲ့ခြင်းကို ဂုဏ်ပြုခြင်းဖြစ်သည်ဟု တာဝန်ရှိသူက ပြောကြားထားသည်။

ယင်းရုပ်ရှင်မှတ်တမ်းကို ကနဦးပိုင်းမှ Album ဖြန့်ဝေသည့်အချိန်အထိ ရက်ပေါင်း ၁၅၀ ကြာ ခရီးကို ရိုက်ကူးထားပြီး Jung Kook ၏ ဆန်းသစ်သည့် အကြံအဆကို အဓိကထားဖော် ပြထားသည်ဟု သိရသည်။

မှတ်တမ်းတွင် ဆိုးလ်၌ တင်ဆက်ခဲ့သည့် ဖျော်ဖြေပွဲများ Times Square Live Showcase ဆင်နွှဲပုံနှင့် အင်တာဗျူးအသစ်များနောက်ကွယ်မှ ပုံရိပ်များပါဝင်ပြီး စက်တင်ဘာလ ၁၈ရက်တွင် ထွက်ရှိမည်။ **(SKY)**



## အနီရောင်အသားထဲရှိ သံဓာတ်စားသုံးမှုလွန်ကဲပါက ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေပမာဏ တိုးမြင့်လာနိုင်

အနီရောင်အသားထဲရှိ သံဓာတ်စားသုံးမှုလွန်ကဲပါက ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေပမာဏ တိုးမြင့်လာနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်မှသုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အာဟာရဗေဒဌာနမှ သုတေသနတွဲဖက်တာဝန်ခံ ဖင်းလယ်ဝမ် ဦးဆောင်သော သိပ္ပံပညာရှင်တစ်စုသည် အနီရောင်အသားစားသုံးခြင်း၏ အကျိုးသက်ရောက်မှုများအကြောင်းကို စူးစမ်းလေ့လာခဲ့ကြသည်။

အရွယ်ရောက်ပြီးသော အမေရိကန်နိုင်ငံသား ၂၀၆၆၁၅ ဦးတို့၏ အနီရောင်အသားစားသုံးမှုနှင့်ပတ်သက်၍ ၃၆နှစ်ကြာ စစ်တမ်းရလဒ်များအပေါ်အခြေခံ၍ ယင်းစူးစမ်းလေ့လာမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမဲသားအပါအဝင် အနီရောင်အသားထဲရှိ သံဓာတ်စားသုံးမှုလွန်ကဲပါက ဆီးချိုအမျိုးအစား ဖြစ်နိုင်ခြေ ၂၆ရာခိုင်နှုန်း တိုးမြင့်လာမည်ဖြစ်သည်ဟု ဟားဗတ်တက္ကသိုလ်မှ အာဟာရပညာရှင်များ ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(SCI)**

## Ne Ne@Zheng Naixin ကို ပရိသတ်များ ဝေဖန်ထားကြ





ထိုင်းကမ္ဘာကျော် အနုပညာရှင် Bright Vachirawit နှင့် ချစ်သူဖြစ်နေသော Ne Ne ခေါ် Zheng Naixin ကို ထိုင်းပရိသတ်များက အဆက်မပြတ် ဝေဖန်ထားကြသည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

ပရိသတ်အချစ်တော် ထိုင်းမင်းသား၊ Cloud 9 CEO Bright Vachirawit က သူ့ချစ်သူမှာ Ne Ne ဖြစ်ကြောင်း ကြေညာခဲ့စဉ်ကစ၍ ပရိသတ်များ သဘောမကျဖြစ်ခဲ့ကြရာမှ Ne Ne မကြာမီက တင်ထားသည့်အကြောင်းကြောင့် ပရိသတ်ပို၍ ဝေဖန်ထားကြသည်။

Ne Ne က သူ၏ဝက်ဘ်ဆိုက်မှ ဝမ်းနည်းစရာအကြောင်းအရာတစ်ခုတင်ထားခဲ့ခြင်းကို ပရိသတ်များက Bright Vachirawit နှင့်လမ်းခွဲပြီဟုထင်ခဲ့ကြသဖြင့် Ne Ne က ငြင်းဆိုထားကာ သီချင်းလုပ်သည့်အခါ ပျော်စရာသီချင်းကို ပျော်သည်ဟုခံစား၍ ဝမ်းနည်းစရာသီချင်းကို ဝမ်းနည်းသည်ဟုပြောခဲ့ခြင်းသာဖြစ်ပြီး Bright Vachirawit နှင့် လမ်းခွဲခြင်းကို ငြင်းဆိုသွား၍ ပရိသတ်ဝေဖန်မှု များစွာခံနေရသည်။ **(SKY)**

## Black Pink မှ Jisoo ၏ Drama သစ် New Topia ထွက်ရှိ



Black Pink မှ Jisoo ပါဝင်ထားသည့် Drama ဇာတ်ကားသစ် New Topia ကို ၂၀၂၅ ခုနှစ်အတွင်း ထွက်ရှိလာမည်ဟု တရားဝင်ထုတ်ပြန်၍ နမူနာပုံများပြသထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jisoo ပါဝင်ထားသည့် အဆိုပါ Drama ဇာတ်လမ်းမှာ Coupang Play Series တစ်ခုဖြစ်ပြီး မင်းသား Park Jung Min နှင့် Jisoo တို့ အဓိကပါဝင်ထားကာ ၂၀၂၅ခုနှစ်အတွင်း စတင်ပြသသွားမည်ဖြစ်သည်။

ယခင်က ယင်းဇာတ်ကားခေါင်းစဉ်ကို Influenza ဟု အမည်ပေးထားသော်လည်း ခေါင်းစဉ်သစ် New Topia နှင့် ထွက်ရှိလာကာ အတည်ပြုထားကြောင်း တရားဝင်ကြေညာထားကာ နမူနာပုံများတွင် Jisoo ၏ လှပသောပုံရိပ်များ ဖော်ပြထားသည်။

Black Pink အဖွဲ့နှင့် အဆိုတော် Jisoo မှာ သရုပ်ဆောင်ပိုင်းတွင်လည်း ပိုမိုအားထည့်၍ ရိုက်ကူးထားသည့်အတွက် ပရိသတ်အားပေးမှု ရရှိထားသည်။ **(SKY)**



## G Dragon က Juspeace Foundation ၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်

K Pop ဘုရင် G Dragon သည် Juspeace Foundation ၏ အခြေခံအုတ်မြစ်အဖွဲ့ဝင်များတွင် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနေရာမှ ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့တွင် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ G Dragon၊ ဥက္ကဋ္ဌ Choi Young Ho၊ CEO Oh Hae Young၊ အော်ဒီရေတာချိုဝမ်ဟီး၊ အကြံပေးအဖွဲ့ဝင်များအဖြစ် ချိုင်ဂျေချောင်၊ ဂျောင်ဒေါင်ဆွန်၊ ဂျောင်မြောင်ယူးနှင့် ဂျန်ဂျေယိုတို့နှင့်အတူ DLG Law Firm ၏ စာရင်းစစ်နှင့် CEO ချိုဝမ်ဟီးတို့ ပါဝင်ထားကြသည်။

G Dragon နှင့် Galaxy Corporation တို့၏ မူပိုင်ခွင့်များနှင့် အကျိုးအမြတ်များကို လူငယ်များအား ကူညီရန်အတွက် ဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်သည်ဟု တရားဝင်ထုတ်ဖော်ပြောကြားသွားသည်။ **(SKY)**

## Andy Lau နှင့် Tony Leung တို့၏ Infernal Affairs ရုပ်ရှင် လက်တွေ့ဘဝနှင့် တူညီနေ

ဟောင်ကောင်ရုပ်ရှင် Infernal Affairs တွင် Andy Lau နှင့် Tony Leung တို့ အဓိကပါဝင်ထားပြီး လက်တွေ့ဘဝဒုစရိုက်ဂိုဏ်းများနှင့် အနီးစပ်ဆုံးတူညီနေသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အထင်ကရ ဝါရင့်သရုပ်ဆောင် Andy Lau နှင့် Tony Leung တို့ အဓိကပါဝင်ထားသည့် ယင်းရုပ်ရှင်ကို တရုတ်ဒုစရိုက်ဂိုဏ်းဝင်ဟောင်းတစ်ဦးက ချီးကျူးထားကာ ၈၀ ရာခိုင်နှုန်း အမှန်အကန်ဖြစ်ပြီး သစ္စာဖောက်များအကြောင်းဖြစ်သည်။

အဆိုပါရုပ်ရှင်တွင် ရဲတပ်ဖွဲ့အတွင်းစိမ့်ဝင်နေသည့် ဒုစရိုက်ဂိုဏ်းဝင်တစ်ယောက်နှင့် ဒုစရိုက်ဂိုဏ်အသွင်ယူ ထောက်လှမ်းရေးတစ်ဦးအကြောင်း ဇာတ်အိမ်ဖွဲ့ထားကာ ဝါရင့်ဟောလိဝုဒ်ဒါရိုက်တာ မာတင်စကော့စီက The Departed အမည်နှင့် ပြန်လည်ရိုက်ကူးထားသည်။

လက်တွေ့ဘဝတွင် ကျင်လည်နေသည့် တရုတ်ဒုစရိုက်ဂိုဏ်းများ၏ လှုပ်ရှားမှုပုံစံများနှင့် လက်တွေ့ဘဝ ကိုက်ညီမှုရှိသည်ဟု ဂိုဏ်းဝင်ဟောင်းတစ်ဦးက မှတ်ချက်ပေးထားကာ စုစုပေါင်း Infrenal Affaris သုံးကား ထွက်ရှိထားသည်။ **(SKY)**




## Lee Kwang Soo က အက်ရှင်ကား No Way Out:The Roulette တွင် ပါဝင်ထား




ပရိသတ်အချစ်တော် သစ်ကုလားအုပ် ခေါ် Lee Kwang Soo Running Man အဖွဲ့ဝင်အဖြစ် ထွက်ခဲ့ပြီး သရုပ်ဆောင်လုပ်ခဲ့ရာမှ အက်ရှင်ကား No Way Out:The Roulette တွင် ပါဝင်ထားသည်။

အဆိုပါဇာတ်လမ်းတွဲတွင် ဝါရင့်မင်းသားကြီး ယူဂျေမြောင်၊ ဂျိုဂျင်ဝေါင်၊ ကင်မူယို၊ ကင်ဆောင်ချွန်၊ လီကွမ်ဆူတို့အပြင် သရုပ်ဆောင်များစွာပါဝင်ထားပြီး သည်းထိတ်ရင်ဖို အက်ရှင်ကားဖြစ်သည်။

လူမဆန် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်သားတစ်ဦးကို ထောင်မှလွှတ်ပေးခဲ့သဖြင့် မကျေနပ်သူများပေါ်လာကာ သတ်နိုင်သူကို ဆုကြေးငွေ ၂၀ ဘီလီယံပေးမည်ဟု ကြေညာလိုက်ရာမှ အမဲလိုက်ပွဲကြီးစတင်သော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ရာ အသည်းတယားယားနှင့် ကြည့်ရှုရမည်ဖြစ်သည်။ **(SKY)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ယူကရိန်းနိုင်ငံသို့ သွားရောက်မည်



**ဒေလီ ဩဂုတ် ၂၀**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ဩဂုတ် ၂၁ ရက်တွင် ယူကရိန်းနိုင်ငံသို့ အလည်အပတ် သွားရောက်မည်ဖြစ်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

နာရင်ဒရာမိုဒီအနေဖြင့် နှစ်ပေါင်း ၃၀ အတွင်း ယူကရိန်းနိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်လည်ပတ်သည့် အိန္ဒိယဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်သွားပြီဖြစ်သည်။

ယူကရိန်းနိုင်ငံသို့ရောက်ရှိစဉ် ဝန်ကြီးချုပ်နာရင်ဒရာမိုဒီဘက်မှ နှစ်နိုင်ငံကာကွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနှင့်နည်းပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး အလေးထားဆွေးနွေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ တန်မာယာလားလ်က ရှင်းလင်းပြောပြသည်။

၄င်းအလည်အပတ်ရောက်ရှိလာစဉ် ယူကရိန်း-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူစာချုပ်များ လက်မှတ်ရေးထိုး ချုပ်ဆိုသွားမည်ဟု ယူကရိန်းသမ္မတရုံးက ထုတ်ပြန်ကြေညာသည်။

လွန်ခဲ့သော ဇူလိုင်လက ရုရှားနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်သွားရောက်ပြီးနောက် ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ယူကရိန်းသို့ သွားရောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ရွေးကောက်ပွဲကို အီရန်ဟက်ကာများ နှောင့်ယှက်ခဲ့သည်ဟု အမေရိကန်ထောက်လှမ်းရေးဘက်က အတည်ပြု

**ဝါရှင်တန် ဩဂုတ် ၂၀**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲကို အီရန်ဟက်ကာများ မကြာသေးမီက နှောင့်ယှက်ခဲ့သည်မှာ ဟုတ်မှန်သည်ဟု အမေရိကန်ထောက်လှမ်းရေးဘက်က ဩဂုတ် ၁၉ တွင် အတည်ပြုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိမိတို့၏ ရီပတ်ဘလီကန် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ကွန်ပျူတာကွန်ရက်ကို အီရန်ဘက်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ဘက်က လဆန်းပိုင်းတွင် စွပ်စွဲခဲ့သည်။

ထိုသို့ စွပ်စွဲပြီးနောက် အစိုးရထောက်လှမ်းရေးနှင့် လုံခြုံရေးအရာရှိများ စစ်ဆေးကြည့်ရှုခဲ့ရာမှ ယင်းစွပ်စွဲချက်ဟုတ်မှန်သည်ဟု ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**





## ဖုမိအောကိရှိဒ ရာထူးမှနုတ်ထွက်ပြီးလျှင် နောက်လထဲ၌ ဂျပန်ဝန်ကြီးချုပ်သစ် တင်မြှောက်မည်

**တိုကျို ဩဂုတ် ၂၀**

ဖုမိအောကိရှိဒ ရာထူးမှ နုတ်ထွက်ပြီးလျှင် အာဏာရ အယ်လ်ဒီပီပါတီအနေဖြင့် နောက်လထဲ၌ ဂျပန်ဝန်ကြီးချုပ်သစ် တင်မြှောက်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိမိနုတ်ထွက်ပြီးနောက် ရွေးကောက်ပွဲဝင်တော့မည်မဟုတ်ကြောင်း ဩဂုတ် ၁၄ ရက်တွင် အသက် ၆၇ နှစ်အရွယ် ဝန်ကြီးချုပ်ကိရှိဒက အတည်ပြုပြောကြားခဲ့သည်။

စက်တင်ဘာ ၂၇ ရက်တွင် အယ်လ်ဒီပီပါတီအတွင်းမဲပေးကာ ၄င်း၏နေရာတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရန် ဝန်ကြီးချုပ်သစ်ရွေးကောက်ကြမည်ဖြစ်ကြောင်း ပါတီပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။

အယ်လ်ဒီပီပါတီက ဝန်ကြီးချုပ်လောင်းသုံးဦးကို နာမည်စာရင်းတင်သွင်းပြီးဖြစ်ရာ ၄င်းတို့မှာ ကာကွယ်ရေးဝန်ကြီးဟောင်း ရှိဂဲရုအိရှိဘာ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီး ရှင်းဂျိရောကိုအိဇုမိနှင့် စီးပွားလုံခြုံရေးဝန်ကြီးဟောင်း ဆနအဲတကအိချိတို့ဖြစ်ကြသည်။

ဂျပန်ဝန်ကြီးချုပ်ရွေးကောက်ပွဲ၌ အကယ်၍ဆနအဲတက အိချိသာအနိုင်ရလျှင် ပထမဆုံး ဂျပန်အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာမည်ဟုဆိုသည်။

**Mon**

0-0-0-0-0

## ဩစတြေးလျနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံအကြားတွင် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

**ကင်ဘာရာ ဩဂုတ် ၂၀**

ဩစတြေးလျနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံအကြားတွင် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် ဩဂုတ် ၂၀ ရက်က သဘောတူညီလိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲအနိုင်ရသူ ပရာဘိုဝိုဆူဘီယန်တို ဩစတြေးလျနိုင်ငံသို့ ရောက်ရှိစဉ် ကင်ဘာရာမြို့တော်၌ ဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် နှစ်နိုင်ငံကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီလိုက်ခြင်းဖြစ်ကြောင်း နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးဌာန အသီးသီးက အတည်ပြုကြေညာသည်။

မိမိတို့နှစ်နိုင်ငံစလုံးအတွက် အရေးကြီးသော လုံခြုံရေးကဏ္ဍတွင် အပြန်အလှန်ပံ့ပိုးကူညီကြရန် မိမိတို့နှင့် သက်ဆိုင်သော ဒေသအတွင်း တည်ငြိမ်အေးချမ်းစေရန် ပူးပေါင်းဆောင်ရွက်သွားရန် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံသည် အနီးဆုံးအိမ်နီးချင်းဖြစ်သည့်အားလျော်စွာ သက်ဆိုင်ရာဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လေးနက်သော မဟာဗျူဟာယုံကြည်ကိုးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်သာဖြစ်သည်ဟု ဩစတြေးလျကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလက်စ်က ထုတ်ဖော်ပြောဆိုခဲ့ကြောင်း သိရသည်။

**Mon**




## ချီကာဂိုမြို့၌ လူပေါင်းထောင်နှင့်ချီ၍ စုဝေး အစ္စရေးကို လက်နက်မရောင်းရန် တောင်းဆို

**ဝါရှင်တန် ဩဂုတ် ၂၀**

အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၌ ဩဂုတ် ၁၉ ရက်က လူပေါင်းထောင်နှင့်ချီ၍ စုဝေးကာ အစ္စရေးကို လက်နက်မရောင်းရန်တောင်းဆို ဆန္ဒပြခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ဒီမိုကရက်တစ်ပါတီညီလာခံကျင်းပသော နေရာအနီးတွင် ပါလက်စတိုင်းနှင့် အိုင်းရစ်အလံများ ဝှေ့ရမ်းပြီးလူပေါင်းထောင်နှင့်ချီ၍ ထိုသို့စုဝေးဆန္ဒပြခဲ့ခြင်းဖြစ်သည်။

သမ္မတဂျိုးဘိုင်ဒင်ဦးဆောင်သော လက်ရှိအာဏာရ ဒီမိုကရက်တစ်အစိုးရအနေဖြင့် အစ္စရေးကို လက်နက်ပိတ်ပင်တားမြစ်အရေးယူခြင်းမရှိလျှင် သမ္မတလောင်း ကာမာလာဟဲရစ်ကို ထောက်ခံမဲပေးမည်မဟုတ်ဟု စုဝေးဆန္ဒပြသူများက အကျပ်ကိုင်လျက်ရှိသည်။

ပါလက်စတိုင်း လူမျိုးစုအပေါ်တွင် အမေရိကန်ကကျောထောက်နောက်ခံပြုကာ လူအစုအပြုံလိုက် သတ်ဖြတ်မှုများ ရပ်တန့်ပေးရန်လည်း ၄င်းတို့က တောင်းဆိုခဲ့ကြသည်။

ယင်းတောင်းဆိုမှုကို ၄င်းတို့ဘက်က အလွယ်တကူဖြင့် ရပ်တန့်သွားမည်မဟုတ်ဟုလည်း သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## ဇိမ်ခံရွက်လှေနစ်မြုပ်မှု၌ ပျောက်ဆုံးနေသူများထဲတွင် နာမည်ကျော်ဗြိတိသျှသူဌေး မိုက်ခ်လင့်ချ်နှင့်သမီး ပါဝင်

**ပါလာမို ဩဂုတ် ၂၀**

ဩဂုတ် ၁၉ ရက်က စစ္စလီကျွန်းကမ်းရိုးတန်းအလွန်ပင်လယ်ပြင်ထဲ၌ ဖြစ်ပွားသောရွက်လှေနစ်မြုပ်မှုတွင် ပျောက်ဆုံးနေသူခြောက်ဦးကို ဆက်လက်ရှာဖွေနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းပျောက်ဆုံးနေသူများထဲတွင် နာမည်ကျော်ဗြိတိသျှနည်းပညာ သူဌေးမိုက်ခ်လင့်ချ်နှင့် ၄င်း၏အသက် ၁၈ နှစ်အရွယ်သမီးလည်း ပါဝင်သည်။

အော်တိုနော်မီဟုအမည်ရသည့် ဆော့ဖ်ဝဲကုမ္ပဏီပူးတွဲတည်ထောင်သူ မိုက်ခ်လင့်ချ်ကို သတင်းမီဒီယာများထဲတွင် ဗြိတိသျှဘီလ်ဂိတ်စ်ဟု ခေါ်ဆိုခဲ့ဖူးကြောင်း သိရသည်။



**Mon**

# YREO ကို အနိုင်ယူကာ ဒုတိယအကျော့ ချန်ပီယံဖြစ်ခဲ့သည့် ISPE အသင်း

Myanmar Women League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-14)ပွဲစဉ် တစ်ပွဲအဖြစ် ဩဂုတ် ၂၀ ရက်(ယနေ့)၊ ညနေက စလင်းကွင်း၌ YREO အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ကြပြီး ISPE အသင်းက လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ISPE အသင်းသည် ပွဲစတင်သည်နှင့်တစ်ပြိုင်နက် တိုက်စစ်ဆင်ခဲ့ပြီး ပွဲချိန် လေးမိနစ်၌ပင် ဦးဆောင်ဂိုးစရခဲ့သည်။ ISPE အသင်းအတွက် ဦးဆောင်ဂိုးကို အသင်းခေါင်းဆောင် လင်းမြင့်မိုက သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးရအပြီး ISPE အသင်းသည် တရစပ်ဖိအားပေး တိုက်စစ်ဆင်ပြီး ဂိုးရမည့် အခွင့်အရေးများစွာ ထပ်မံရခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုး၊ ဂိုးမရှိဖြင့်သာ ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း YREO အသင်းသည် ပထမပိုင်းနည်းတူ ISPE အသင်း၏ တိုက်စစ်ဆင်မှုများကို မာမာထန်ထန် တုံ့ပြန်ခဲ့သည်။ ပွဲချိန် ၆၁ မိနစ်တွင် ISPE အသင်းမှ ဒုတိယဦးဆောင်ဂိုး ထပ်မံရခဲ့ပြီး ဟေမာန်စိုးက သွင်းယူပေးခဲ့သည်။ ISPE အသင်းအတွက် တတိယမြောက်ဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် စုပြည့်ပြည့်ကျော်က သွင်းယူပေးခဲ့သည်။ ISPE အသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ဟေမာန်စိုးက ထပ်မံသွင်းပေးခဲ့သည်။ ပွဲအပြီးတွင် ISPE အသင်းက YREO အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ISPE အသင်းသည် ၁၂ ပွဲ ကစားအပြီးတွင် ၁၀ ပွဲ နိုင်၊ နှစ်ပွဲသရေ ရမှတ် ၃၂ မှတ်ဖြင့် အဆင့် ၁ တွင် ရပ်တည်ကာ ဒုတိယအကျော့ ချန်ပီယံဖြစ်ခဲ့သည်။

အဆင့် ၂ နေရာတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၆ မှတ်ဖြင့် ရပ်တည်နေပြီး ရန်ကုန်အသင်းသည် ပြီးခဲ့သည့် ပထမအကျော့တွင် ချန်ပီယံဖြစ်ခဲ့သည်။ ISPE အသင်းသည် ဒုတိယအကျော့ ပွဲစဉ်များအပြီးတွင် အဆင့် ၂ နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းကို ရမှတ် ခြောက်မှတ်ဖြတ်ထားပြီး ရာသီအကုန် ချန်ပီယံဖြစ်ရန် အလားလာကောင်းနေသည်။ **(အောက်ပုံ)**

**(NGB)**






## အမျိုးသမီး အာရှချန်ပီယံလိဂ် ခြေစစ်ပွဲ အုပ်စုပွဲစဉ်ဇယား

မြဝတီ အမျိုးသမီးအသင်းရဲ့ ၂၀၂၄-၂၅ AFC Women's Champions League Preliminary Stage အမျိုးသမီး အာရှချန်ပီယံလိဂ် ခြေစစ်ပွဲ အုပ်စုပွဲစဉ်ဇယားထွက်ပေါ်လာသည်။

မြဝတီ အမျိုးသမီးအသင်းအနေနဲ့ အုပ်စု(က)မှာ လာအိုကလပ် Young Elephants၊ ယူအေအီးကလပ် Abu Dhabi Country Club၊ ဆော်ဒီကလပ် AlNassr တို့နဲ့အတူ ကျရောက်နေပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့ကို သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြဝတီ အမျိုးသမီးအသင်းဟာ ပြီးခဲ့တဲ့နှစ် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တာကြောင့် ၂၀၂၄-၂၅ အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုပြီး ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာဖြစ်ကြောင်း သိရသည်။ **(NGB)**

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး။**

## ရွှေဘိုမြို့တွင် စစ်ဘေးရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများ လုံ့ဆော်ဝါဒဖြန့်

နေပြည်တော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် စစ်ရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၇ ရက်တွင် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဩဂုတ် ၁၇ ရက်က စစ်ရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊




PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူများအသွင်ဆောင်၍ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရေးသားထားသည့် လုပ်ကြံသတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ မြေအောက်ကေဘယ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ဩဂုတ် ၁၉ ရက်က မြေအောက်ကေဘယ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၉ ရက် နံနက် ၃ နာရီခွဲခန့်တွင် တပ်ကုန်းမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်း သတ္တသတ္တာဟာဘုရားနှင့် သပြေစမ်းကျေးရွာကြား လမ်းလယ်ကျွန်းပေါ်၌ မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦးကို တွေ့ရှိစစ်ဆေးရာ ပုဗ္ဗသီရိမြို့နယ် ဇလုပ်ကြီးကျေးရွာနေ ကျော်စိုး(၄၅) နှစ်ဖြစ်ပြီး ၎င်းထံမှ ဖြတ်တောက်ခိုးယူထားသော မြေအောက်ကေဘယ်မီးကြိုးဖြတ်စခွေ ၁၆ ခွေ၊ ဂေါ်ပြားတစ်လက်၊ ဓားမတစ်ချောင်း၊ မီးကြိုးခွာရာတွင် အသုံးပြုသော အဝါရောင်လက်ညှစ်ဓား နှစ်ချောင်း၊ ဓားဆံဘူး တစ်ဘူး၊ ဂက်စ်မီးခြစ်တစ်လုံး၊ လွယ်အိတ်တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံ ကျော်စိုးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမှုရေးဖွင့်ပြီး ဆက်စပ်ပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီးတွင် စစ်မှုထမ်းဆောင်ရန် တစ်မြို့နယ်လျှင် လူ ၂၀ နှုန်း အဓမ္မလူစုဆောင်းနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ DVB က မဟုတ်မမှန်သတင်း ရေးသားထုတ်လွှင့်ဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သဲကုန်း၊ အုတ်ဖို၊ နတ်တလင်း စသည့်မြို့နယ်များတွင် စစ်မှုထမ်းဆောင်ရန် တစ်မြို့နယ်လျှင် လူ ၂၀ နှုန်း အဓမ္မ လူစုဆောင်းနေကြောင်း၊ ညဘက်လူအိပ်ချိန်တွင် အိမ်ထဲထိဝင်ရောက်ဆွဲခေါ်နေကြောင်း၊ အသက်မပြည့်သေးသောသူများလည်း ပါဝင်နေကြောင်း၊ စစ်မှုထမ်းကာလ ၅ နှစ်တာဝန်ထမ်းဆောင်ရန် လက်မှတ်ရေးထိုးခိုင်းနေကြောင်း စသည်ဖြင့် မဟုတ်မမှန်ဝါဒဖြန့်သတင်းများကို ပြည်ဖျက်မီဒီယာ DVB က အခြေအမြစ်မရှိဘဲ ရေးသားဖြန့်ဝေနေသည်ကို သိရသည်။

အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာနှင့် နိုင်ငံကိုအလုံးစုံပျက်သုဉ်းစေလိုသူ အကြမ်းဖက်၊ လောက်ကောင်များက လူငယ်လူရွယ်များကို လမ်းမှားရောက်စေရန်အတွက် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၄) အထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားနိုင်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များသည် တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေသည်မှာ မငြင်းနိုင်သည့် အမှန်တရားသာဖြစ်ကြောင်း၊ မိဘပြည်သူများကို အသိအမြင်လွဲမှားစေရန်၊ စိုးရိမ်ပူပန်မှုမြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီး ရေးသားထုတ်လွှင့်ခြင်းသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်




မပြတ် ထုတ်လွှင့်ပေးနေလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး



**ဝါရှင်တန် ဩဂုတ် ၂၀**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီ တင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား Frances Tiafoe အား ၇-၆၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ Jannik Sinner က "ကျွန်တော် အခုလို 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေရယူနိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အပေါ်ဝဲပုံ) NGB)**

## ဂျော်ဂျီနီယိုရတ်တာအား လေးနှစ်စာချုပ်ဖြင့် ဘရိုက်တန်အသင်း ခေါ်ယူ



**လန်ဒန် ဩဂုတ် ၂၀**

ဘရိုက်တန်အသင်းသည် လိဒ်စ်အသင်း ကွင်းလယ်တိုက်စစ် ကစားသမား ဂျော်ဂျီနီယိုရတ်တာအား စတာလင်ပေါင် သန်း ၄၀ ဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ် ကစားသမားသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ ပွဲကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဂျော်ဂျီနီယိုရတ်တာက "ကျွန်တော် ဘရိုက်တန်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင်လည်း ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## အိုလီဗာစကက်ပ်အား လက်စတာစီးတီးအသင်း ခေါ်ယူ

**လီဆက်စတာ ဩဂုတ် ၂၀**

လက်စတာစီးတီးအသင်းသည် စပါးအသင်း ကွင်းလယ် ကစားသမား အိုလီဗာစကက်ပ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ + အပိုဆုကြေး စတာလင်ပေါင် ၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အိုလီဗာစကက်ပ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက စပါးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၄ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လက်စတာစီးတီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

လက်စတာစီးတီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၄ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ဗီလစ်ပိုတာရက်စီယာနိုအား ခေါ်ယူရန် ကိုမိုအသင်း စိစဉ်

**တူရင် ဩဂုတ် ၂၀**

စီးရီးအေတန်းတက်ကလပ် ကိုမိုအသင်းသည် အေစီမီလန်အသင်း နောက်ခံကစားသမား ဖီလစ်ပိုတာရက်စီယာနိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ကိုမိုအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

အေစီမီလန်အသင်းကလည်း ဖီလစ်ပိုတာရက်စီယာနိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ကိုမိုအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းထံမှ ဖီလစ်ပိုတာရက်စီယာနိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**



| ဥရောပ ချန်ပီယံလိဂ်ခြေစစ်ပွဲ (Play-Offs) ပွဲစဉ်များ(ပထမအကျော့) နိုင်ကမ္ဘာ | | |
|---|---|---|
| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
| ၂၂-၈-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၁း၃၀နာရီ | ဒိုင်နမိုကိဗ် - ဆာလ်ဇ်ဘာ့ဂ် |
| ။ | ။ | မစ်ဂျေးလန် - ဆလိုဗန် |
| ။ | ။ | မယ်လ်မို - စပါတာပရပ်ဂ် |
| ။ | ။ | ယန်းဘွိုင်းစ် - ဂါလာတာစာရေး |

## ဂန်ဒိုဂန် ဂျာမနီလက်ရွေးစင် ကစားသမားဘဝမှ အနားယူ

**လန်ဒန် ဩဂုတ် ၂၀**

ကွင်းလယ်ကစားသမား ဂန်ဒိုဂန် ဂျာမနီလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူသွားခဲ့ပြီ ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဂျာမနီလက်ရွေးစင် အသင်းနှင့်အတူ ၂၀၁၁ မှ ၂၀၂၄ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၈၂ ပွဲ ကစားကာ ၁၉ ဂိုး သွင်းယူခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့သလို အောင်မြင်မှုများစွာလည်း ရယူနိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂန်ဒိုဂန်က "ကျွန်တော် လက်ရွေးစင် ကစားသမားဘဝမှ အနားယူပါပြီ။ ဂျာမနီလက်ရွေးစင်အသင်းမှာ ကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ဂျာမနီလက်ရွေးစင်အသင်းအနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုတွေ ရယူနိုင်ပါစေလို့ တောင်းဆုပြုပါတယ်" ဟု ပြောသည်။

**(ယာပုံ)**

**(NGB)**



## နည်းပြ ဟက်ကင်ဘော့တန်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ပရက်စတန်အသင်းဆွေးနွေး

**လန်ဒန် ဩဂုတ် ၂၀**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ပရက်စတန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဟက်ကင်ဘော့တန်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အဆိုပါ နည်းပြသည် နည်းပြ ဘဝတစ်လျှောက်တွင် ဘန်စလေ၊ လိဒ်စ်၊ ရှက်ဖီးလ် ယူနိုက်တက် စသည့်ကလပ် အသင်းများအပြင် အခြားကလပ် အသင်းများစွာလည်း ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ပရက်စတန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။

နည်းပြ ဟက်ကင်ဘော့တန်ကလည်း ပရက်စတန်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြ ဟက်ကင် ဘော့တန်အားပရက်စတန် အသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## နည်းပြ အွန်နရီ ပြင်သစ် ယူ-၂၁အသင်းနှင့် လမ်းခွဲ

**ပါရီ ဩဂုတ် ၂၀**

ပြင်သစ် ယူ-၂၁အသင်းသည် အသင်းနည်းပြ အွန်နရီနှင့် နှစ်ဦးသဘောတူ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နည်းပြသည် ပြင်သစ် ယူ-၂၁ အသင်းအား ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် အသင်းနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

နည်းပြ အွန်နရီသည် ပြင်သစ် ယူ-၂၁ အသင်းအား ၂၀၂၃ ခုနှစ် ဩဂုတ်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲပေါင်း ၁၇ ပွဲတွင် ၁၂ ပွဲနိုင်၊ ၂ ပွဲသရေ၊ ၃ ပွဲရှုံး ရလဒ်ပိုင်ဆိုင်နိုင်ခဲ့သည်။

ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်ချက်တွင် နည်းပြ အွန်နရီနဲ့ လမ်းခွဲလိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး ရှာဖွေခန့်အပ်သွားမှာပါဟု ထုတ်ပြန်သည်။

**(ဝဲပုံ)**

**(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ဆော်ဒီကလပ် အယ်လ်အာလီအသင်းသည် ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး အိုင်ဗန်တိုနေးအား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* နော်တင်ဟမ်ဖောရက်စ်အသင်းသည် အာဆင်နယ်အသင်း လူငယ်ကစားသမား အက်ဒီအန်ကီတီယာအား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အက်သလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဆီမီယွန်နီက မိမိတို့အသင်းအနေဖြင့် နောက်ထပ် ကစားသမားသစ်များ ထပ်မံခေါ်ယူသွားဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(NGB)**

## ယခုဘဏ္ဍာနှစ်တွင် တရားဝင်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန်လုပ်ငန်းမှတ်ပုံတင် ၂၅၉ခုကိုခွင့်ပြုပေးထား

**မန္တလေး ဩဂုတ် ၂၀**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များအား တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းမှတ်ပုံတင် ၂၅၉ခုကို ခွင့်ပြုပြီးထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစား စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအလိုက် ခွင့်ပြုပေးရန် ၄၅၀လျာထားကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုပေးထားသည့်လုပ်ငန်း အမျိုးအစားများသည် စားသောက်ကုန်ဆိုင်ရာလုပ်ငန်း ၁၃၆ခု၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း ၁၇ ခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၂၁ခု၊ စိုက်ပျိုးရေးပစ္စည်းဆိုင်ရာလုပ်ငန်း ၆ ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်းတစ်ခု၊ ကုန်ကြမ်းလုပ်ငန်းနှစ်ခု၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း နှစ်ခု၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေး လုပ်ငန်းတစ်ခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ၇ခု၊ အထွေထွေ အသေးစားစက်မှုလုပ်ငန်း ၆၆ခု စုစုပေါင်း လုပ်ငန်းမှတ်ပုံတင် ၂၅၉ခုကို ယနေ့ချိန်ထိ ခွင့်ပြုထုတ်ပေးထားပြီးဖြစ်သည်။



“ယခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်များအတွက် လုပ်ငန်းမှတ်ပုံတင်ကို ၄၅၀ လျာထားပြီးတော့ ထုတ်ပေးသွားမှာပါ။ ယနေ့အချိန်အထိ တစ်ပိုင်တစ်နိုင် လုပ်ငန်းများအတွက် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးပြီးတာ ၂၅၉ ခုကို ခွင့်ပြုထုတ်ပေးပြီးသွားပါပြီ။ ဆက်လက်ပြီး လုပ်ငန်းမှတ်ပုံတင်များအတွက် စိစစ်ပြီးခွင့်ပြုထုတ်ပေးသွားမှာပါ။ အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များ ပေါ်ထွက်လာဖို့အတွက် တရားဝင် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးပါတယ်။ ဘဏ္ဍာနှစ်အလိုက်လည်း ထုတ်ပေးနေတာပါ။ တိုင်းဒေသကြီးအတွင်း မြို့နယ်၊ ကျေးရွာအလိုက် တစ်ပိုင်တစ်နိုင်စီးပွားလုပ်ငန်းတွေကို လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ဖို့ကို မှတ်ပုံတင်တွေ ထုတ်ပေးနေတာပါ။ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေဖို့အတွက်လည်း ရည်ရွယ်ချက်များနဲ့ ထုတ်ပေးဆောင်ရွက်နေတာပါ”ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ တစ်ပိုင်တစ်နိုင် လုပ်ငန်းများအတွက် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးမည်ဖြစ်သော လုပ်ငန်းအမျိုးအစားများမှာ စားသောက်ကုန်ဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းလုပ်ငန်း၊ ဓာတ်သတ္တု ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ အထွေထွေအသေးစား စက်မှုလက်မှုလုပ်ငန်း စသည့်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်လိုသူများအတွက် လုပ်ငန်းမှတ်ပုံတင်များကို လျာထားချက်ပြည့်မီအောင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၇၃)



## ကျောက်ဆည်မြို့နယ်တွင် နှမ်းမျိုးစုံ (၉၃၁၁)ဧက စိုက်ပျိုးနိုင်ခဲ့

**ကျောက်ဆည် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်း(၆)ခုရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် နှမ်းမျိုးစုံ (၉၃၁၁)ဧက စိုက်ပျိုးနိုင်ခဲ့သည်။

သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် ကျေးရွာအုပ်စုပေါင်း(၁၄)အုပ်စုပါဝင်ပြီး အရှေ့ငယ်တိုးကျေးရွာအုပ်စုတွင် စပါး(၁၅)ဧက၊ နှမ်း(၆၇၅)ဧက၊ ပဲတီစိမ်း(၈၂၇)ဧက၊ ငရုတ်(၇၆)ဧက စုစုပေါင်း(၁၅၉၃)ဧက၊ ထန်းဇင်တော်ကျေးရွာအုပ်စုတွင် စပါး(၆၂)ဧက၊ နှမ်း(၆၃)ဧက၊ ပဲတီစိမ်း(၅၅)ဧက၊ စုစုပေါင်း(၁၈၀)ဧက၊ ၄က္ကတောင်ကျေးရွာအုပ်စုတွင် နှမ်း(၆၇၁)ဧက၊ ပဲတီစိမ်း(၉၆)ဧက စုစုပေါင်း(၇၆၇)ဧက၊ ရွှေဒါးကျေးရွာအုပ်စုတွင် နှမ်း(၆၃)ဧက၊ ပဲတီစိမ်း(၄၂၂)ဧက စုစုပေါင်း(၄၈၅)ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စုတွင် နှမ်း(၁၅)ဧက၊ ပဲတီစိမ်း(၆၅၈)ဧက၊ ငရုတ်(၃၇)ဧက စုစုပေါင်း(၇၁၀)ဧက၊ သင်္ဂတုံကျေးရွာအုပ်စုတွင် နှမ်း(၆၀၃)ဧက၊ ပဲတီစိမ်း(၅၅)ဧက စုစုပေါင်း(၆၅၈)ဧက၊ အရှေ့သာဂရကျေးရွာအုပ်စုတွင် နှမ်း(၃၁၆)ဧက၊ ပဲတီစိမ်း(၁၆)ဧက စုစုပေါင်း(၃၃၂)ဧက၊ ကလေးကျေးရွာအုပ်စုတွင် နှမ်း(၆၀၈)ဧက၊ ပဲတီစိမ်း(၁၁၆)ဧက စုစုပေါင်း(၇၂၄)ဧက၊ မှိုင်းယန်ကျေးရွာအုပ်စုတွင် နှမ်း(၃၉၃)ဧက၊ ပဲတီစိမ်း(၂၇၃)ဧက၊ စုစုပေါင်း(၆၆၆)ဧက၊ ပြည်တော်သာကျေးရွာအုပ်စုတွင် နှမ်း(၃၇၅)ဧက၊ ပဲတီစိမ်း(၃၈၃)ဧက စုစုပေါင်း(၇၅၈)ဧက၊ ရှမ်းတောင်ဦးကျေးရွာအုပ်စုတွင် စပါး(၃၇)ဧက၊ နှမ်း(၂၅၂)ဧက၊ ပဲတီစိမ်း(၃၃၀)ဧက စုစုပေါင်း(၆၁၉)ဧက၊ ပုထိုးနီကျေးရွာအုပ်စုတွင် စပါး(၃၀၇)ဧက၊ နှမ်း(၃၂၅)ဧက၊ ပဲတီစိမ်း(၁၈)ဧက၊ စုစုပေါင်း(၆၅၀)ဧက၊ ကုလားကျောင်းကျေးရွာအုပ်စုတွင် စပါး(၄၅၃)ဧက၊ နှမ်း(၆၄၀)ဧက၊ ပဲတီစိမ်း(၇၆)ဧက စုစုပေါင်း(၁၁၉၆)ဧက အသီးသီးစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ရဲရမန်းကျေးရွာအုပ်စုသည် တော်ပေါ်ကျေးရွာအုပ်စုတွင် စိုက်ပျိုးနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးသီးနှံများ အောင်မြင်ရေး ခရိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် စိုက်ပျိုးနည်းစနစ်များ၊ စိုက်ပျိုးရေးများ စနစ်တကျကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။(၄၈၅)

## မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရေး မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ မန္တလာသီရိလက်ဝှေ့ရုံတွင် ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မြန်မာ့ရိုးရာလက်ဝှေ့အားကစားမြှင့်တင်ရေးနှင့်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီက ကြီးမှူး ကျင်းပသည့်မြန်မာ့ရိုးရာလက်ဝှေ့သရုပ်ပြပွဲနှင့်မျိုးဆက်သစ်မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ဩဂုတ် ၁၉ရက် နံနက် ၁၁နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ၆၈လမ်း၊၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ မန္တလာသီရိလက်ဝှေ့အားကစားရုံတွင် ကျင်းပသည်။

မြန်မာ့ရိုးရာလက်ဝှေ့ သရုပ်ပြပွဲနှင့်မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး မြန်မာ့လက်ဝှေ့ဆပ်ကော်မတီနှင့်ဝူရှူး၊ တိုက်ကွမ်ဒို၊ ကရာတေးနှင့်ဗိုဗီနမ် အားကစားဆပ်ကော်မတီများမှတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ လက်ဝှေ့နည်းစနစ်မှူးများ၊ ဖိတ်ကြားထားသူများ၊ မန္တလေးမြို့ရှိ မြန်မာ့လက်ဝှေ့ကလပ်များမှ အုပ်ချုပ်သူ၊ နည်းပြများ၊ မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများ၊ မြန်မာ့လက်ဝှေ့အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။ **(အောက်ပုံ)**

မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် သုံးမိနစ်ထိုး၊ နှစ်မိနစ်နား နှစ်ချီစိန်ခေါ်ပွဲနှင့် သုံးချီ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကျင်းပခဲ့ရာ အကြိတ်အနယ် ထိုးသတ်ကြပြီး မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီနှင့် မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင်များက ဆုများချီးမြှင့်ခဲ့ကြသည်။ (၀၄၅)



## ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**ကျွန်းလှ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရာသီအလိုက်ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးရာသီ၌ ဟင်းရွက်မျိုးစုံ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



“ကျွန်တော်တို့ ဒေသမှာက စပါးအပြင် ဟင်းသီးဟင်းရွက်မျိုးစုံကို နွေမိုး၊ဆောင်း၊ ချောင်းရေနဲ့ မြေအောက်ရေတင် စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ ငရုတ်၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ခရမ်း၊ ဖူးစားပြောင်း၊ သခွား၊ ရွှေဖရုံသီးနှံများစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိနေကြပါတယ်။ ဆောင်းရာသီစိုက်ပျိုးဖို့ ဟင်းသီးဟင်းရွက်ပျိုးပင်များ ပျိုးထောင်ထားလျက်ရှိပါတယ်”ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ တာဝန်ရှိသူများက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံများထွက်ရှိရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပြုလုပ်သုံးစွဲရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက် ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခုနှစ်၊ မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံ စိုက်ပျိုးရန် ၁၄၉၉၅ဧက လျာထားပြီး လက်ရှိအချိန်ထိ ၁၅၀၁၂ဧက (၁၀၀ဒသမ၁၁) ရာခိုင်နှုန်းစိုက်ပျိုးပြီး ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

**မျိုးဝင်းညို-ကျွန်းလှ**

# မန္တလေးစွယ်တော်မြတ်စေတီတော်တွင် (၁၂)လရာသီပန်းများဖြင့် ပူဇော်နိုင်ရန်ဆောင်ရွက်၊ ပုံမှန်ရေလောင်းနိုင်ရန် အုတ်ကန်များ လိုအပ်



**မန္တလေး ဩဂုတ် ၂၀**

မန္တလေး အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်တွင် ၁၂လရာသီပန်းများဖြင့် ပူဇော်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ အသစ်စိုက်ပျိုးထားသော သစ်ပင် ၇၀၀၀ကျော် ရှင်သန်နိုင်ရန် နေ့စဉ် ပုံမှန် ရေလောင်းနိုင်ရန် ကွန်ကရစ် အုတ်ကန်များ လိုအပ်နေသည်။

"မိုးလည်း အားကိုးမရလို့ အပင်များ ရှင်သန်နိုင်ဖို့ ကွန်ကရစ်ကန်တွေကနေ ရေလောင်းနိုင်ဖို့ စီစဉ်နေပါတယ်။ အဝီစိတွင်း ရေကနေထုတ်ပြီးတော့ ချက်ချင်းလောင်းလို့ အဆင်မပြေပါဘူး၊ အဝီစိတွင်းရေကို ကွန်ကရစ်ကန်တွေနဲ့ ပြန်လည်သိုလှောင်ပြီး ရေလောင်းမှ အဆင်ပြေမှာဖြစ်ပါတယ်၊ ဒါကြောင့်ကွန်ကရစ်ကန်တွေ ထပ်တိုးဖို့ စီစဉ်နေတာပါ၊ အုတ်ကန် သုံးခုဆင့်ထားတဲ့ ဖပေအမြင့်ရှိ ကွန်ကရစ်ကန် ၅၀ ကန် လိုအပ်နေတာပါ၊ တစ်ကန်ကို ရေဂါလန် ၄၀ဆံ့ပါတယ်၊ ဒီလိုရေကန်တွေရှိလာရင် စွယ်တော်ဘုရားက ၁၂လရာသီပတ်လုံး ပန်းတွေနဲ့ပူဇော်ထားတဲ့ ဥယျာဉ်ကြီးတစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေအပြင် သဘာဝတိရစ္ဆာန်တွေလာရောက် နားခိုနိုင်တဲ့ နေရာတစ်ခုဖြစ်လာမှာပါ"ဟု ဇောဓိငါးထောင်နန္ဒဝန်ဗုဒ္ဓဥယျာဉ်စီမံလန်းစိုပြည်ရေးဆောင်ရွက်နေသူ ဦးလှဝင်းက ပြောသည်။

မန္တလေးစွယ်တော်မြတ်စေတီ အရှေ့မြောက်ထောင့်တွင် လွန်ခဲ့တဲ့ ၁၂နှစ်ကျော်က ဘုရားပွင့်တော်မူစဉ်က အပင်၁၈မျိုးကို စိုက်ပျိုးကာ ဇောဓိငါးထောင်နန္ဒဝန်ဥယျာဉ် ဗုဒ္ဓဥယျာဉ်တည်ထားခဲ့ပြီး ကုသိုလ်ရှင်များက ဘုရားတွေတည်ထားခဲ့သည်။

ယခုအခါ တည်ထားသော ဘုရားများ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လာသလို စွယ်တော်ဘုရားက ၁၂လရာသီပတ်လုံး ပန်းများဖြင့် ပူဇော်ထားတဲ့ ဥယျာဉ်ကြီးတစ်ခု ဖြစ်လာပြီး ဘုရားဖူးပြည်သူတွေအပြင် သားငှက်တိရစ္ဆာန်တွေ လာရောက်နားခိုနိုင်တဲ့ နေရာတစ်ခုဖြစ်လာစေရန် အကောင်အထည်ဖော်လျက်ရှိရာ သစ်ပင်များနေ့စဉ် ရေလောင်းနိုင်ရန် ရေဂါလန် ၄၀ဆံ့ (၄ပေအချင်း၊ဖပေအမြင့်ရှိ)ရေကန် ၅၀ခန့် လိုအပ်လျက်ရှိသည်။

ရေဂါလန် ၅၀ဆံ့ ၄ပေအချင်း၊ ဖပေအမြင့်ရှိ) ရေကန်တစ်ကန်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြစ်စေ မိမိစွမ်းသလောက်ဖြစ်စေ ဖုန်း ၀၉ ၄၄၂ ၀၇၄ ၄၆၆၊ ၀၉ ၄၀၂ ၆၉၂ ၅၂၂၊ ၀၉ ၆၆၀ ၈၅၀ ၃၉၉၊ ၀၉ ၇၅၁ ၅၁၆၂၀၄သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။

**(ယာဝုံ)**

**(၀၄၅)**

# ဘက်စုံသုံးခန်းမအုတ်ရိုးနံရံကာခြင်းနှင့် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**မကွေး ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဘက်စုံသုံးခန်းမ အုတ်ရိုးနံရံကာခြင်းနှင့် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေ



မှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ သံဘိုရွာသစ် ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမအား အလျား ၁၃၀ ပေ၊ အနံ ၁၂ ပေရှိသော အုတ်ရိုးနံရံကာခြင်းနှင့် အလျားပေ၆၀၊ အနံ ၃၆ပေရှိသော မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား လုပ်ငန်းများအားလုံး ဌာနမှသတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**

မကွေးမြို့နယ်၊ သံဘိုရွာသစ် ခေတ်မီစံပြကျေးရွာ၌ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဘက်စုံသုံးခန်းမ အုတ်ရိုးနံရံကာခြင်းနှင့် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများကို ဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၆၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(အိပိုးပိုး)**

# နှမ်းစျေးကောင်းသဖြင့် နှမ်းစိုက်တောင်သူများ အဆင်ပြေ



**ကျောက်ဆည် ဩဂုတ် ၂၀**

ကျောက်ဆည်မြို့နယ်၌ နှမ်းစျေးကောင်းသဖြင့် နှမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်းနှင့် ကာလပေါက်စျေးမှာ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် တစ်သိန်းသုံးသောင်းငါးထောင်၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် တစ်သိန်းခွဲ ရောင်းချရကြောင်း အထွက်နှုန်း ကောင်းမွန်ပြီး ရောင်းချရာ၌ စျေးကောင်းရသဖြင့် နှမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သပြေဝန်းကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးညွန့်ဝင်းက ပြောသည်။ **(ဝဲပုံ)**

နှမ်းတစ်ဧက စိုက်မည်ဆိုလျှင် မိရိုးဖလာ ပက်ကျဲစနစ်၊ တန်းဆွဲစနစ်၊ ပေါင်းကြီးတင်စနစ်စသည့် စိုက်ပျိုးသည့် နည်းစနစ်များအလိုက် တစ်ဧကမျိုးစေ့ နို့ဆီဘူး ၆ဘူးမှ၂ပြည်အထိ အမျိုးမျိုးအသုံးပြုရကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေရရှိသောကြောင့် နှမ်းစိုက်တောင်သူများ အပင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ကြောင်း၊ ပက်ကြဲစနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက တစ်ဧက ငွေကျပ် ၃သိန်းခန့်ကုန်ကျပြီး သိပ္ပံနည်းကျ ပေါင်းနှင့်စိုက်ပျိုးမည်ဆိုပါက ငွေကျပ် လေးသိန်းကျော် ကုန်ကျသည်။

နှမ်းရိတ်သိမ်းရာတွင်လည်း လှဲ့နှမ်းနှင့်ထောင်နှမ်းဟူ၍ (၂)မျိုးရှိကြောင်း၊ ထောင်နှမ်းသည် နှမ်းပင်များအားရိတ်ပြီး စုစည်းကာ တစ်စည်းနှင့်တစ်စည်း ဖိခနောက်ဆိုင် နေရောင်ခြည်အောက်တွင် ထောင်၍ထားပြီး အခြောက်လှန်းကာ မျိုးစေ့ထုတ်ယူခြင်းမျိုးဖြစ်ပြီး လှဲ့နှမ်းသည် မြေတလင်းပြင် (သို့မဟုတ်)ညီညာသည့် မြေပြင်တွင် မိုးကာခင်းပြီး နှမ်းပင်များ ဖြန့်ကြဲပြီး အခြောက်လှန်းကာ မျိုးစေ့ထုတ်ယူသောနည်း ဖြစ်ကြောင်းနှင့်လှဲ့နှမ်း(တလင်းနှမ်း) သည် မျိုးစေ့သန့်ရှင်းမှုနည်းပါးပြီး ထောင်နှမ်းသည် မျိုးစေ့သန့်ရှိသည့်အတွက် ရောင်းချရာတွင် ထောင်နှမ်းသည့် စျေးပို၍ရရှိသည်။


ကျောက်ဆည်မြို့နယ်မှ တောင်သူများအနေဖြင့် နှမ်းများစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ဆင်းရတနာ(၄)၊ ဆင်းရတနာ(၁၂)နှမ်းဖြူမျိုးနှင့်မကွေး နှမ်းနက်(၁/၁၃)နှမ်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်းနှင့် နှမ်းသီးနှံများအောင်မြင်ရေး ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်း၍ မျိုးရွေးချယ်နည်း၊ မြေပြင်စိုက်ပျိုးနည်း၊ ရိတ်သိမ်းသိုလှောင်နည်းများကို စနစ်တကျ ကူညီပေးလျက်ရှိကြောင်း သိရသည်။

**(၄၈၅)**

# အောင်လံ၊မကွေး၊ ပခုက္ကူ ဒေသများမှ အသစ်ဝင် မြေပဲဆန်များ ဝယ်လိုအားကောင်းနေ

မန္တလေးစျေးကွက်သို့ အသစ်ဝင်ရောက်လာသည့် အောင်လံ၊ မကွေး၊ ပခုက္ကူဒေသများမှ အသစ်ဝင် မြေပဲဆန်များ အဝင်ရှိသလောက် ဝယ်လိုအားကောင်းနေကြောင်း ပဲနှမ်းကုန်သည်များထံမှ သိရသည်။

ဇူလိုင်လကုန်ပိုင်းထိ အညာမြေပဲဆန်များ လက်ကျန်နည်းလာပြီး တဖြည်းဖြည်း စျေးမြင့်တက်လာရာ တစ်ပိဿာလျှင် ငွေကျပ် တစ်သောင်းကျော်အထိ စျေးမြင့်တက်လာခဲ့သည်။



ထိုသို့ မန္တလေးစျေးကွက်တွင် လက်ကျန်နည်းလာတာကြောင့် အသစ်ဝင် မြေပဲဆန်များ အဝင်ရှိသလောက် ဝယ်လိုအားကောင်း စျေးမြင့်တက်နေရာ အသစ်ဝင်မြေပဲလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၁၇၀၀အထိ စျေးကောင်းရရှိနေခြင်းဖြစ်ကြောင်း မန္တလေးပဲကုန်သည် တစ်ဦးက ပြောသည်။

"စျေးကွက်အတွင်းမှာ စားအုန်းဆီစျေးနှင့် မြေပဲဆီစျေးမှာ ကွာခြားမှု သိပ်မရှိတော့ဘဲ စားအုန်းဆီ ဝယ်ယူရန် ခက်ခဲတာကြောင့် မြေပဲဆီစျေးက တဖြည်းဖြည်း မြင့်တက်လာပြီး ဝယ်လိုအားကောင်းနေတာပါ။ ဆီစက်ပိုင်တွေအတွက် ဆီကြိတ်ဝါးဖို့ ကုန်ကြမ်း လိုအပ်ချက်ကပိုများနေတော့ အသစ်ဝင် မြေပဲဆန်တွေက ဝင်သလောက်အကုန်ရောင်းနေရပါတယ်။ အရင်က မြေပဲဆန်ကို နိုင်ငံခြားတင်ပို့မှုရှိမှသာ စျေးကောင်းရတတ်ပေမယ့် ယခုအခါ မြေပဲဆန် ထွက်ရှိတဲ့ဒေသက မြေပဲဆန်တွေ အကုန်လိုက်ဝယ်နေကြတဲ့ သဘောပါ။ လာမယ့် ဆောင်းသီးနှံမှာလည်း တောင်သူတွေ စျေးကောင်းရနေဦးမှာပါ"ဟု ၎င်းက ပြောသည်။

မကွေးတိုင်းဒေသကြီး အောင်လံ၊ တောင်တွင်းကြီး၊ သရက်ဒေသများက အချို့မြေပဲစိုက်ခင်းများ ပျက်စီးမှုရှိခဲ့သော်လည်း ထွက်ရှိလာသည့် မြေပဲလုံးဆန်များကို ပြည်တွင်းဆီစက်လုပ်ငန်းနှင့် ပြည်ပနိုင်ငံများသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး တစ်ဧကလျှင် မြေပဲတင်း ၄၀မှ ၅၀ထိ ထွက်ရှိပြီး မိုးမြေပဲ အစိုတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ မှ ၃၀၀၀ကျပ် ပေါက်စျေးရှိနေပြီး မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၁၇၀၀ထိ စျေးကောင်းရရှိနေခြင်းဖြစ်သည်။

ဩဂုတ် ၁၈ရက် မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆီ တစ်ပိဿာလျှင် လက်ကားစျေး ငွေကျပ် ၂၀၀၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ကျော် ပေါက်စျေးရှိကြောင်း သိရသည်။

**ရွှေမန်း**

# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းအကြောင်းရင်းများ

အသက်ကြီးလာတဲ့ အမျှ ဆံပင်ဖြူတယ်ဆိုတာ သဘာဝ ဖြစ်စဉ်တစ်ခုပါ။ ဒါပေမယ့်တချို့ ကတော့ အသက်ငယ်ငယ်ရွယ်ရွယ် နဲ့ ဆံပင်ဖြူတာမျိုးတွေရှိပါတယ်။ အရွယ်မတိုင်ခင် ဆံပင်ဖြူတယ် ဆိုတာ အိုမင်းရင့်ရော်ခြင်းကြောင့် ပဲမဟုတ်ပါဘူး။ အခြားအကြောင်း ရင်းများစွာရှိပါတယ်။

ဆံပင်ဖြူတယ်ဆိုတာ ဆံပင် မွေးညင်းပေါက်တွေမှာ ရောင်ခြယ် ဆဲလ်များနည်းပါးလာတာကြောင့် ဖြစ်ပါတယ်။

ဆံပင်ရဲ့ သဘာဝအရောင်ကို ဖြစ်စေတဲ့ မယ်လာနင်ရောင်ခြယ် ပစ္စည်းတွေဟာ အသက်ကြီးလာ တဲ့အခါ နည်းပါးလာပြီး လုံးဝ မထုတ်လုပ် နိုင်တော့တဲ့အခါ ဆံပင်ဖြူသွားစေပါတယ်။

ဆံပင်ဖြူရခြင်းဖြစ်စဉ်ရဲ့ အကြောင်းအရင်းများကို ဖော်ပြ လိုက်ပါတယ်။

**(၁) မျိုးရိုး**

ဆံပင်ဖြူခြင်း ဖြစ်စဉ်ဟာ မျိုးရိုးလိုက်ခြင်းနဲ့ များစွာသက် ဆိုင်နေပါတယ်။

မျိုးရိုးထဲမှာ စောစီးစွာဆံပင် ဖြူသူရှိရင် မျိုးရိုးလိုက်တတ်ပြီး အချို့မျိုးဗီဇတွေဟာ မယ်လာနင် ထုတ်လုပ်မှုကို ပြောင်းလဲစေပါ တယ်။လူမျိုးအနေနဲ့ဆိုရင် အသား ဖြူသူတွေက အသားညိုသူတွေ ထက် စောစီးစွာ ဆံပင်ဖြူတတ် ပါတယ်။



**(၂) စိတ်ဖိစီးမှု**

ဖိစီးမှုက ဆံပင်ဖြူခြင်းကို တိုက်ရိုက်ဖြစ်စေတာ မဟုတ်ပေ မယ့် ကာလကြာရှည်စွာ ဖိစီးခြင်း နဲ့ အရွယ်မတိုင်ခင် ဆံပင်ဖြူ ခြင်းတို့ကြား ဆက်စပ်မှုရှိနေပါ တယ်။ ဖြစ်နိုင်တာကတော့ ဖိစီးမှု ဖြစ်တဲ့အခါ ဆံပင်ရောင်ခြယ် ပစ္စည်းထုတ်လုပ်မှုကို အနှောင့် အယှက်ဖြစ်စေပြီး မယ်လာနင် နည်းပါးစေတာ ဖြစ်နိုင်ဖွယ် ရှိပါတယ်။

**(၃) ဆေးလိပ်သောက်ခြင်း**

စီးကရက်တွေမှာ ပါဝင်တဲ့ ဓာတုပစ္စည်းတွေ၊အဆိပ်အတောက် တွေက ဆံပင်မွေးညင်းပေါက်နဲ့ မယ်လာနင်ထုတ်လုပ်မှုကို ထိခိုက် စေပါတယ်။ ဆေးလိပ်ငွေ့တွေက ခန္ဓာကိုယ်ထဲမှာ ဓာတ်တိုးဖိစီးခြင်း ကိုဖြစ်စေပြီး ဆဲလ်တွေကို ထိခိုက် စေကာ စောစီးစွာ ဆံပင်ဖြူစေပါ တယ်။

**(၄) အာဟာရဓာတ်ချို့တဲ့ ခြင်း**

မယ်လာနင်ထုတ်လုပ်ရာမှာ အချို့အာဟာရဓာတ်တွေက မရှိ မဖြစ် လိုအပ်ပါတယ်။

ဗိုက်တာမင် ဘီ ၁၂၊ ဒီ၊ အီး၊ သံဓာတ်တို့လို အာဟာရဓာတ်တွေ ချို့တဲ့ပါက မယ်လာနင်ထုတ်လုပ် မှုနဲ့ ဆံပင်ကျန်းမာရေးကို ထိခိုက် စေပါတယ်။

အာဟာရဓာတ်ချို့တဲ့ရုံ တစ်ခု တည်းဖြင့် ဆံပင်ဖြူစေတာ မဟုတ်ဘဲ ဆံပင်ဖြူတဲ့နှုန်းကို မြန်စေတာသာ ဖြစ်ပါတယ်။

**(၅) ရောဂါများ**

အချို့သောရောဂါတွေက ကျန်းမာရေးကို ဆိုးရွားစေပြီး ဆံပင်ရောင်ခြယ်ပစ္စည်းတွေကို ထိခိုက်စေပါတယ်။ ခရုသင်း၊ သမင်ဖြူလိုမျိုး ရောဂါတွေဟာ အရေပြားမှာ ရောင်ခြယ်ပစ္စည်း ဆုံးရှုံးပြီး အဖြူကွက်များဖြစ်ပေါ် ကာ ဆံပင်ကိုပါ ထိခိုက်စေပါ တယ်။ခုခံအားကျဆင်းတဲ့ ရောဂါ တွေဟာလည်း မယ်လာနင်ထုတ် လုပ်မှုကို ထိခိုက်စေပါတယ်။

**(၆)လေထုညစ်ညမ်းမှုများ**

မော်တော်ယာဉ်များမှ ထုတ် လွှတ်ငွေ့များ၊ စက်မှုပိုင်းမှ အညစ် အကြေးများ၊ သတ္တုကြီးများနဲ့ ဓာတုပစ္စည်းများမှ ညစ်ညမ်းအရာ တွေက ခန္ဓာကိုယ်ထဲမှာ ဓာတ်တိုး ဖိစီးမှုဖြစ်ပေါ်စေပြီး မယ်လာနင် ထုတ်လုပ်မှု ထိပါးစေကာ ဆံပင် ရောင်ခြယ်ကို လျော့ပါးစေပါ တယ်။

**Daisy**



## အရပ်ပုတဲ့မိန်းကလေးတွေအတွက်ဖက်ရှင် Tips

အရပ်ပုတာက ချစ်စရာ ကောင်းတယ်လို့ ထင်ရပေမယ့် အရပ်နဲ့လိုက်ဖက်တဲ့အဝတ်အစား မဝတ်တတ်ဖူးဆိုရင် အရပ်ပိုပု သလိုဖြစ်စေပြီး အထာမကျပါ ဘူး။ အရပ်ပုတဲ့ မိန်းကလေးတွေ အတွက် ဘယ်လိုဖက်ရှင်မျိုးကို ရှောင်ဝတ်ရမလဲဆိုတာ ဖော်ပြ ပေးလိုက်ပါတယ်။

၁။ မတိုမရှည် ဒူးမရောက် တရောက် ခပ်ပွပွအဝတ်အစားမျိုး ပါ။ ဒီအဝတ်အစားမျိုး ဝတ်ပြီး အောက်က ဘောင်းဘီတွေဘာတွေ နဲ့သာ တွဲဝတ်လိုက်ရင် အရပ်ပုတဲ့ အမျိုးသမီးတွေအတွက် အတော် ကြည့်ရဆိုးစေပါတယ်။

၂။ ဖိနပ်ကိုလည်း ခြေထိပ် ပိုင်း အဝိုင်းပုံသဏ္ဌာန်ရှိတဲ့ ဒေါက် မြင့်ဖိနပ်တွေလည်း လုံးဝမဝတ်ပါ နဲ့။ အဝိုင်းအစားထိပ်ချွန်နဲ့ အခြား ဒီဇိုင်းက ခြေထောက်ပိုပြီး သေး သွယ်သဃောင်ဖြစ်စေပါတယ်။

၃။ အပေါ်ပိုင်းကို သုံးလေး ထပ် ထပ်ဝတ်ရတာမျိုးတွေ ရှောင်ပါ။ ဒီအချက်ကတော့ အထူးတလည် သတိပေးစရာ မလိုပါဘူးနော်။ အရပ်ပုရတဲ့ ကြားထဲ အပေါ်ပိုင်းကို စုပြုံ ထပ်ပြီး ဝတ်ထားရင် ဘယ်လိုမှ ကြည့်ကောင်းမှာ မဟုတ်ပါဘူး။

၄။ ရှပ်အင်္ကျီကိုမှ ခပ်ရှည် ရှည်ပုံစံချုပ်ထားတဲ့ ရှပ်အင်္ကျီ တွေကိုမဝတ်ပါနဲ့။ အရပ်ပုတဲ့သူ တွေအတွက် ဟိုမရောက်၊ ဒီ မရောက်၊ ဒီဖက်ရှင်က ပိုပုသွား သယောင် ထင်မြင်နိုင်စေတာ ကြောင့်ပါ။

၅။ သာမန်ထက် Size ကြီး တဲ့ အိတ်အကြီးကြီးတွေက အရပ် ရှည်တဲ့သူတွေနဲ့သာ ပိုအဆင်ပြေ ပါလိမ့်မယ်။ ဒါကြောင့် အဲဒီလို အိတ်တွေအစား အလယ်အလတ် ဆိုဒ်ရှိတဲ့ အိတ်မျိုးက ပိုကြည့် ကောင်းစေပါတယ်။

၆။ အပေါ်ပိုင်းအင်္ကျီကို ခပ်ပွပွ၊ ကားကားနဲ့တိုတို ဒီဇိုင်း မျိုးတွေ ရှောင်ရပါမယ်။ သူ့ကို Boxy Top လို့ ခေါ်ကြပါတယ်။ အရပ်ပုတဲ့သူတွေအတွက် ခန္ဓာ ကိုယ် အချိုးအစားပိုပေါ်လေ ကောင်းလေပါပဲ။

၇။ ဘောင်းဘီပွပွကြီးတွေ သူများဝတ်ရင် လှသလိုလိုရှိပေ မယ့် အရပ်ပုတဲ့ပျိုမေတွေကတော့ အဲ့ဒီလို ဂျင်းဘောင်းဘီခပ်ပွပွ တွေ မရွေးချယ်တာ အကောင်းဆုံး ပါပဲ။

**Daisy**

## အသားအရေခြောက်သွေ့ခြင်းကိုကာကွယ်ပေးမယ့် နည်းလမ်းများ

အရင်တစ်ပတ်တုန်းက အသား အရေ ဘာကြောင့် ခြောက်သွေ့ရ လည်းဆိုတာကိုဖော်ပြခဲ့ပြီး ဒီ တစ်ပတ်မှာ အသားခြောက်တာ ကို ဘယ်လိုကာကွယ်ထိန်းသိမ်း ရမလဲဆိုတာ ဖော်ပြပေးလိုက်ပါ တယ်။

**၁။ အစိုဓာတ်ထိန်းခရင်မ် (Moisturizer) လိမ်းပေးပါ။**

Moisturizers တွေက အရေပြား အပေါ်ဆုံးအလွှာကိုရေဓာတ် ပြန် လည် ဖြည့်ပေးနိုင်တာ၊ အရေပြား မှာရှိတဲ့ အစိုဓာတ်ကို ထိန်းသိမ်း ပေးထားနိုင်တာကြောင့် အသား မခြောက်အောင် ကာကွယ်ပေးနိုင် ပါတယ်။ ပိုပြီး စေးပျစ်လေ အစို ဓာတ်ထိန်းတဲ့နေရာမှာ အာနိသင် ပိုရှိလေပါပဲ။

၂။ ရေချိုးပြီးပြီးချင်း အစို ဓာတ်ထိန်းခရင်မ် လိမ်းပေးပါ။

အစိုဓာတ်ထိန်းခရင်မ်တွေက ရေဓာတ်ဖြည့်ပေးတဲ့အပြင် အရေ ပြားမှာ ရှိနေတဲ့ စိုစွတ်မှုကိုလည်း လျော့မသွားအောင် ထိန်းပေး တာပါ။ ဒါကြောင့် ရေချိုးပြီးစ၊ မျက်နှာသစ်ပြီးစ အရေပြား စိုစွတ်နေတဲ့အချိန်မျိုးမှာ Moisturizers လိမ်းပေးရင်အရေပြား ဆဲလ်တွေကြားမှာရှိတဲ့ နေရာလွတ် တွေကိုပိတ်ထားသလို ဖြစ်စေပြီး အစိုဓာတ် မပျောက်သွားအောင် ပြုလုပ်ပေးနိုင်တဲ့အတွက် အသား အရေ အစိုဓာတ်ထိန်းရာမှာပို အကျိုးရှိပါတယ်။

**၃။ ရေအကြာကြီး မချိုးပါနဲ့။**

ရေချိုးတဲ့အခါ ၅ မိနစ်၊ ၁၀ မိနစ်လောက်ထက် ပိုမကြာသင့် ပါဘူး။ ဒီထက်ကြာအောင် ရေချိုး မယ်ဆိုရင် အရေပြားမှာရှိတဲ့ အဆီလွှာရဲ့ ရာခိုင်နှုန်းတော်တော် များများ ဆုံးရှုံးစေပြီး အစိုဓာတ် နည်းစေတဲ့အတွက် အသားခြောက် တတ်ပါတယ်။ အရမ်းပူတဲ့ ရေ ကလည်း အရေပြားမှာရှိတဲ့ သဘာဝအဆီတွေကို ဆုံးရှုံးစေ တတ်ပါတယ်။ ဒါကြောင့် ရေပူ အစား ကြက်သီးနွေးရေလောက် ကို သုံးသင့်ပါတယ်။

**Daisy**

*-*-*-*-*

## ဝတဲ့မိန်းကလေးတွေ ဖက်ရှင်ကျကျ ဝတ်ဆင်နိုင်မယ့် Tips

လူတစ်ယောက်နဲ့တစ်ယောက် အသားအရေ၊ အရပ်အမောင်း၊ ပိန်ခြင်း၊ ဝခြင်းမတူညီကြသလို ခန္ဓာကိုယ်အရွယ်အစားပေါ်မူတည် ပြီး အဝတ်အစားကိုလည်း ပြောင်း လဲ ဝတ်ဆင်တတ်ခြင်း သင့်ရဲ့ အသွင်အပြင်ကို ပိုပြီးကြည့် ကောင်းစေပါတယ်။ ဖက်ရှင် ကုမ္ပဏီအများစုက အဝတ်အစား ထုတ်တဲ့အခါမှာ ခန္ဓာကိုယ် ပိန် တဲ့မိန်းကလေးတွေအတွက်သာ ထုတ်လေ့ရှိတာကြောင့် ဝတဲ့ မိန်းကလေးတွေအတွက် အဝတ် အစားရှာရခက်ပြီး ဝနေရင် ချစ်စရာကောင်းပြီး လှပတဲ့ အဝတ်အစား ဝတ်လို့မရဘူးဆိုတာ မဟုတ်ပါဘူး။ ဝတဲ့သူတွေလည်း ခန္ဓာကိုယ်နဲ့လိုက်ဖက်တဲ့ အဝတ် အစား၊ ဖက်ရှင်ဒီဇိုင်းကို ရွေးချယ် ဝတ်ဆင်တတ်ဖို့ပဲလိုအပ်ပါတယ်။ ဒါကြောင့် ဝတဲ့မိန်းကလေးတွေ အတွက် ဖက်ရှင် tips တွေကို ဖော်ပြပေးလိုက်ပါတယ်။



**၁။ ဖက်ရှင်ပုံစံတစ်မျိုးထဲ ကို ထပ်ခါတလဲလဲဝတ်ဆင်ခြင်း**

ကိုယ်နဲ့ လိုက်မယ်ထင်ပြီး ပုံစံတစ်မျိုးထဲကိုပဲ ဝတ်ဆင်ခြင်း က မှားယွင်းနေသလို ခန္ဓာကိုယ်နဲ့ အကြပ်အဝတ်အစားတွေ ဝတ်ဆင် ခြင်းက ကောက်ညွှင်းထုပ်လိုဖြစ် နေစေပြီး စိတ်ကို ဖိစီးစေမှာပါ။

အဲ့လို အဝတ်အစားတွေက သင့်ကို ကြည့်ကောင်းစေမှာ မဟုတ်သလို အဆင်ပြေနေမှာ မဟုတ်ပါဘူး။ ဒါကြောင့် ရိုးရှင်း တဲ့ပုံစံဖက်ရှင်က ရိုးရှင်းတဲ့ အလှ အပတွေဖန်တီးပေးနိုင်ပြီး သင့် ကိုယ်သင် ယုံကြည်မှုဖြစ်စေမှာ ဖြစ်ပါတယ်။

**၂။ သင့်တော်တဲ့ အရွယ် အစား ဝတ်ဆင်ပါ**

ခန္ဓာကိုယ်နဲ့ ကိုက်ညီတဲ့ အဝတ်အစားတွေကို အရင်ရှာဖွေ ကြည့်ပါ။ ခန္ဓာကိုယ်နဲ့ ပွနေဖို့ ကြပ်နေဖို့ မလိုပါဘူး။ သက် သောင့်သက်သာရှိစေရုံသာမက ယုံကြည်မှုလည်း ခံစားရနိုင်မယ့် အရွယ်အစားကို ဦးစားပေး ရွေး ချယ်ပါ။

ဒါ့အပြင် ကိုယ်အလေးချိန်နဲ့ ကိုက်ညီတဲ့ အဝတ်အရွယ်အစား ရွေးချယ်ခြင်းကိုလည်း ရှောင်ကြဉ် ရပါမယ်။ အဓိကက ဝတ်ဆင် လိုက်ရင် စိတ်ထဲပေါ့ပါးနေပြီး ယုံကြည်မှုပေးစွမ်းနိုင်မယ့် အရွယ် အစားဖြစ်နေဖို့ပါပဲ။

**၃။ ဆွဲသားအကပ်အဝတ် အစားတွေကို ရှောင်ပါ**

အရေးကြီးဆုံးအချက်အနေ နဲ့ ဆွဲသားကိုယ်ကပ်(သို့) ရာဘာ ပစ္စည်းများ အသုံးပြုသောအဝတ် အစားများကို ရှောင်ပါ။

ဆွဲသားကိုယ်ကြပ် အဝတ် အစားတွေကို ဝတ်ဆင်ထားတဲ့ မော်ဒယ်လ်တွေကို ကြည့်လိုက်ရင် ခန္ဓာကိုယ်ကို ပြည့်ပြည့်တင်းတင်း ဖြစ်သွားတယ်ဆိုတဲ့ အမြင်ကို ပေးစွမ်းနိုင်တာကြောင့် ဆွဲသား ကိုယ်ကပ် အဝတ်အစားတွေကို ရှောင်ကြဉ်သင့်ပါတယ်။

**၄။ သင့်လျော်တဲ့ ဆက်စပ် ပစ္စည်း Accessories ကို ရွေး ချယ်ပါ**

ဖက်ရှင်နဲ့ အလှအပကို ပိုမို ပံ့ပိုးနိုင်မယ့် သင့်တော်ကိုက်ညီ တဲ့ ဆက်စပ်အပိုပစ္စည်းတွေကို ရွေးချယ်ပါ။ သင့်တော်တဲ့ ဆက် စပ်ပစ္စည်းများ၊ အိတ်များနှင့် ဖိနပ်များကို ရွေးချယ်တတ်ဖို့က အလွန်အရေးကြီးပါတယ်။

အမျိုးသမီးအများစုက ဒေါက် မြင့်ဖိနပ်ကို ကြိုက်ကြပြီး အသုံးပြု မှုများပါတယ်။ အကယ်၍ သင် လည်း ဒေါက်မြင့်ဖိနပ်ကို ရွေး ချယ်မယ်ဆိုရင် မမြင့်တဲ့ ဒေါက် ဖိနပ်မျိုးကို ရွေးချယ်ပါ သို့မဟုတ် မထူ၊ မပါးဖိနပ်တွေကို ရွေးချယ် နိုင်ပါတယ်။ ဆက်စပ်ပစ္စည်းတွေ ရွေးချယ်တဲ့အခါမှာ အဝတ်အစား နဲ့ လိုက်ဖက်တဲ့ အရောင်ရွေးဖို့ ကိုလည်း မမေ့ပါနဲ့။

**Daisy**

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဩဂုတ် ၂၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်း၏ (၁၇) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၅ နာရီခွဲက ၆၉လမ်းနှင့် ၃၅ လမ်းထောင့်တွင် ကျင်းပခဲ့သည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဝက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်၊ ကော်ဖီမစ် တစ်ထုပ်စီနှင့် နဝကမ္မငွေကျပ် ၁၅၀၀ စီကို လောင်းလှူကြပြီး ငွေကျပ် ၇၅၀၀၀နှင့် သင်္ကန်းဒွိစုံ ငါးစုံတို့ကို စာရေးတံမဲဖောက်၍ မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့်ဇနီး ဒေါ်ယုယုဇော်၊ မဟာမြိုင်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်နှင့်ဇနီး ဒေါ်နှင်းယုလှိုင်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၄၀)

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တမူး ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တမူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မာမာဝင်းက ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်အရွယ်ကန့်သတ်ချက်များ၊ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်များ၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့် အကြောင်းအရာများ၊ ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှုများ လျှော့နည်းပပျောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေအရ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်အချက်များ စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ယာပုံ)

မြို့နယ်(ပြန်/ဆက်)



## စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ ဩဂုတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပခုက္ကူမြို့၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ယမန်နေ့ နံနက် ၉နာရီက စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပခုက္ကူမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်က "အသိပညာဗဟုသုတပိုမိုရရှိစေရန်၊ ရရှိပြီးသည့် အသိပညာဗဟုသုတများကို ပြန်လည်အသုံးချ ဖလှယ်တတ်စေရန်၊ စာပေမျိုးစုံ လေ့လာဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများဖြစ်စေရန်၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စေရန်၊ စကားပြောစွမ်းရည် တိုးတက်မြင့်မားလာစေရန်နှင့် ဗဟုသုတ ပြည့်စုံကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် Mobile Library ကွင်းဆင်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပခုက္ကူမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၈) သင်တန်းသူများထံ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထုနှင့် ရုပ်ပြစသော စာအုပ်စာစောင်များကို ကွင်းဆင်းငှားရမ်းပေးရာ သင်တန်းသူများက မိမိကြိုက်နှစ်သက်သည့် စာပေအမျိုးအစားများနှင့် စာပေဖတ်ရှုလေ့လာခြင်း၏ အကျိုးကျေးဇူးများအကြောင်းတို့ကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၃၄၀)

## သင့်သွေးဖြင့် အသက်ကယ်ပါ




## စာဖတ်ရှိန်မြှင့်မားလာစေရန် နယ်လှည့်စာကြည့်တိုက် သွားရောက်ဆောင်ရွက်

**မိုင်းနောင် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဝန်ထမ်းများသည် Sunday Dhamma School ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားလာစေရန်အတွက် နယ်လှည့်စာကြည့်တိုက်ကို ယမန်နေ့ နံနက် ၉ နာရီက သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များလာရောက်ငှားရမ်းနိုင်ခြင်းမရှိသော မြို့လယ်ဓမ္မာရုံရှိ Sunday Dhamma School ကျောင်းသား၊ ကျောင်းသူများစာဖတ်ရှိန်များ မြင့်မားလာစေရန်နှင့်အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်ကို သွားရောက်ဆောင်ရွက်ရခြင်းဖြစ်သည်။



ဌာနဆိုင်ရာရုံးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများသို့ စာအုပ်၊ စာစောင်များ ပုံမှန်သွားရောက်ငှားရမ်းပေးလျက်ရှိရာ ယခုလအတွင်း အ.ထ.က မိုင်းနောင်ကျောင်းနှင့် Sunday Dhamma School သို့ သွားရောက်ငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး



MSP

* MSP အကြောင်းပြောပြမယ်
လူတိုင်းအတွက် အကျိုးရှိတယ်
MCDC အခွန်အခများ
မီတာခနှင့် ငွေလွှဲထား ။
* သူ့ကို အသုံးပြု၍သာ
ဖုန်းဘေလ်ဖြည့်ပြီး ဈေးဝယ်ပါ
အင်တာနက်နှင့် ရုပ်သံလိုင်း
ပြည်တွင်းအခွန်နှင့် Game Card ဒီဇိုင်း ။
* ကုန်သည်အချင်းချင်း အကြွေးစာရင်းတွေ
အချိန်မီဝန်ဆောင်မှုပေးနေ
ငွေကြေးလက်ဝယ်ကိုင်ဆောင်ထား
ခိုးဆိုးလုနှိုက် အန္တရာယ်များ ။
* MSP ကို အသုံးပြုပါ
ဒီအန္တရာယ်တွေ ကင်းဝေးမှာ
ရည်ရွယ်ချက်နဲ့ အကြောင်းတရား
အများပြည်သူ့အပေါ် စေတနာထား ။ ။

သန်းနိုင်စိုး(စိုက်/မွေး)

## သတင်းပဒေသာ

### ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ်အဖြစ် အစာအုပ်စုသုံးအုပ်စု ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ကျန်းမာရေးဆိုင်ရာ မေးခွန်း(၁၀၀)အမေးအဖြေပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ရတနာ)ခန်းမဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အသိပညာပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်ရှိ ခေတ်မီစံပြကျေးရွာ၊ ကျောက်တောကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ကျေးရွာသူ၊ ကျေးရွာသားများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများရရှိလာစေရန်ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကျင်းပသော နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲက အမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (နမ့်စန်)သရဖီခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ဩဂုတ် ၁၉ ရက် မွန်းလွဲ (၁)နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့တို့ ပူးပေါင်းပြီး စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ "အောင်မြင်ခြင်းရဲ့ အုတ်မြစ်" စာအုပ်ကို လေ့လာဖတ်ရှု၍ စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကာယဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ကာယဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့သည်။ ခရိုင်ပြန်/ဆက်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အတွေးအခေါ်ဗဟုသုတများတိုးပွားလာစေရန်ရည်ရွယ်၍ လစဉ်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ မိုင်းပါလျှိုးအုပ်စု အခြေခံပညာမူလတန်းကျောင်း(နမ့်ဖျန်)တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဩဂုတ် ၁၉ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဝါဆိုသင်္ကန်း၊ ဝတ္ထုငွေနှင့် နေ့ဆွမ်းဆက်ကပ်

**မန္တလေး ဩဂုတ် ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးမှူးများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၉ရက်(ဝါခေါင်လပြည့်နေ့) နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်းနှင့် ၈၁လမ်းထောင့်ရှိ ဗဟိုမီးသတ်စခန်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ မိသားစုဝင်များတက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူပြီး အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကာ ဝါဆိုသင်္ကန်းများ ကပ်လှူခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ကြွရောက်လာသောဧည့်သည်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအား နေ့လယ်စာကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ **(ဝင့်ဥ)**




## ဘုန်းတော်ကြီးကျောင်း (၂၂)ကျောင်း၊ သံဃာအပါး(၄၂၈)ပါးအား အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပ

**ပင်းတယ ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံ၏ ဆွမ်းလောင်းလှူရန်ဌာန၌ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းအရုဏ်တက်ချိန်တွင် မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက် ၂၂ ကျောင်းမှ သံဃာတော်အပါး ၄၂၈ပါးအား အရုဏ်ဆွမ်းလောင်းလှူ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ သံဃာတော်များအား ဆွမ်းတော်၊ ဆွမ်းဟင်းတော်များ လောင်းလှူနိုင်ရန် မြို့နယ်အလှူတော်ကို ဦးဆောင်ပေးကြသည့် အသင်းဥက္ကဋ္ဌ ဦးကျော်သူရ၊ ဒုဥက္ကဋ္ဌ ဦးအောင်ကျော်ကျော်နှင့် အသင်းသား၊ အသင်းသူများတို့က ချက်ပြုတ်ကြော်လှော်ဆောင်ရွက်ပေးမှုများဖြင့် ဆွမ်းဟင်းများလောင်းသည့် ဆွမ်းအလှူရှင်တောင်ကြီးမြို့နေ ဦးနိုင်ဝင်းအောင်၊ ဇနီး ဒေါ်သီသီအေး မိသားစုနှင့် ပင်းတယမြို့နေ ဦးအောင်ကျော်၊ ဇနီးဒေါ်သန်းသန်းဌေးမိသားစုတို့မှ လောင်းလှူပေးသည့် ဆွမ်း၊ ဆွမ်းဟင်းများမှာ ကြက်သားအာလူးဟင်း၊ ပဲနီလေးကြာဆံကြော် အသားတုဘာလချောင်ကြော်၊ ခရမ်းချဉ်သီးသုပ်စသည့် ဆွမ်းဟင်းများဖြင့် ဆွမ်းလောင်းအသင်းသားများတို့က ဝေယျာဝစ္စကုသိုလ်များ ပြုလုပ်ခဲ့ကြသည်။

အရုဏ်ဆွမ်းလောင်းလှူပူဇော်ပွဲတွင် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းအသင်းဝင်များ၏ ဆောင်ရွက်စီမံပေးသည့် ဆွမ်းတော်၊ ဆွမ်းဟင်းတော်များ ဆက်ကပ်လောင်းလှူပူဇော်ပွဲ၌ အလှူရှင်မိသားစုများနှင့်အတူ နီးစပ်ရာ ရပ်ကွက်အချို့မှ မိဘပြည်သူများကလည်း ချက်ပြုတ်၍ လာရောက်လောင်းလှူ ပူဇော်ပေးခြင်းဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဥဥစ)**





## မန္တလေး နမ့်ခမ်းလှူမှုကူညီရေးအသင်းက စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ကဦးစီး၍ ဧကဒသမအကြိမ်(ပဌမအပတ်)စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၁၉ ရက်နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် သံဃာတော်အရှင်သူမြတ်များအား ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ အလုပ်အမှုဆောင်များနှင့်အတူ မန္တလေး၊ နမ့်ခမ်းလှူမှုကူညီရေးအသင်းက ပူးပေါင်း၍ ဆွမ်း၊ ဆွမ်းဟင်း၊ အရံဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြသည်။

အဆိုပါ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းအနေဖြင့် ဝါတွင်းကာလဥပုသ်နေ့တိုင်း ကျောင်းတိုက်အသီးသီးမှ သံဃာတော်အရှင်သူမြတ်အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ စုပေါင်းဘုံဆွမ်းလောင်းလှူကြခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

## ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)ဆရာတော်၊ သံဃာတော်များနှင့် စာအောင်သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့်အလှူငွေ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ၈၅လမ်းရှိ ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)မှအသင်းကြီး၏ ကိုးကွယ်ခံဆရာတော်၊ သံဃာတော်များနှင့် သီးခြား ဓမ္မာစရိယ ဆရာတော် ၅၈ပါး၊ မူလဓမ္မာစရိယဆရာတော်၂၈ပါး၊ သီးခြားစာသင်တန်းအောင် ၃၇ပါး၊ သာသနာ့လင်္ကာရသာမဏေကျော် ၁၃ပါး၊ စုစုပေါင်း ၁၃၆ ပါးတို့အား နေ့)က (ဝါခေါင်၊ တော်သလင်း၊ ဩဂုတ် ၁၉ရက်(ဝါခေါင်လပြည့် သီတင်းကျွတ်) သုံးလအတွက်



ဆွမ်းဆန်တော်တစ်အိတ်စီ၊ ပဲဆီသန့်သုံးပိသာ၊ ဆားသုံးထုတ်၊ နဝကမ္မငွေ တစ်ပါးလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် ၁၂၂ ဒသမ ၄ သိန်းဖိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၆၆ ဒသမ ၆၄၂၄၅ သိန်းဖိုးကိုလည်းကောင်း၊ အသင်းဩဝါဒါစရိယဆရာတော်များ၊ ပုစ္ဆက ဆရာတော်များ၊ ကိုးကွယ်ခံဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများကို အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အလုပ်အမှုဆောင်များက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)(ကဆ)**

# ရွှေဟောင်းသမိုင်းဝင် မဟာစန္ဒာမုနိဘုရားနှင့် ကန်တော်မင်္ဂလာ

အမရပူရ ပထမမြို့တည်၊ နန်းတည် ဗဒုံမင်းတရားကြီး ဘိုးတော်ဦးဝိုင်း တည်ထားကိုးကွယ်ခဲ့သော မဟာစန္ဒာမုနိဘုရားသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်အတွင်းတည်ရှိပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ မဟာစန္ဒာမုနိဘုရားအတွင်းတွင် ရှေးဟောင်းအဆောက်အအုံများ၊ သမိုင်းဝင်ကန်တော်မင်္ဂလာနှင့် နဂါးရုံဘုရားများတည်ရှိပြီး ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ နေ့စဉ်လာရောက်လျက်ရှိ သည်။

ရွှေဟောင်းသမိုင်းဝင် မဟာစန္ဒာမုနိဘုရားကြီးအတွင်း တနင်္ဂနွေထောင့်တွင် အမရပူရမြို့တည် ဗဒုံမင်းတရားကြီး(ခေါ်)ဘိုးတော်ဦးဝိုင်း တူးဖော်ခဲ့သည့် ရွှေဟောင်းသမိုင်းဝင် ကန်တော်မင်္ဂလာလည်း တည်ရှိသည်။ ကန်တော်မင်္ဂလာမှာ အုတ်ချပ် ပေါင်း ၁၀ ကုဋေ ၉သန်း ၈ သိန်း ၇သောင်းကျော် ကုန်ကျတည်ဆောက်ထားပြီး အပြင်တံတိုင်း၊ အတွင်းတံတိုင်းနှင့် တံတိုင်း နှစ်ထပ်ဖြစ်ပြီး အပြင်တံတိုင်း အလျား ၁၂၄ပေပတ်လည်၊ အတွင်းတံတိုင်း အလျား ၇၇ပေရှိသည်။ အတွင်းတံတိုင်း၏ ထောင့်လေးထောင့်တွင် စေတီတစ်ဆူစီ တည်ထားကိုးကွယ်ထားသည်။ အပြင်တံတိုင်းမှ အတွင်းတံတိုင်းထိ လှေကားထစ်ပေါင်း ၁၉ ထစ်ရှိပြီး အပေါ်လှေကား အောက်ဆုံးထိပ်နှင့် အတွင်းတံတိုင်းကြား ငါးပေခန့် ကျယ်သော စင်္ကြံနှင့်ပတ်လမ်းတစ်ခုရှိသည်။ စင်္ကြံနှင့်ပတ်လမ်းမှ အောက်ရေပြင်ထိ ၃၅ ပေနက်ပြီး အထက်တံတိုင်းမြေပြင်မှ အောက်ခြေထိ ၅၅ပေနက်သည်။

ကန်တော်မင်္ဂလာကြီးမှာ သက္ကရာဇ် ၁၁၄၆ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ယခု ၁၃၈၆ ခုနှစ်အထိ နှစ်ပေါင်း ၂၂၅ ကျော် ရှိလာသည်နှင့်အမျှ သဘာဝရာသီဥတုဒဏ်ကြောင့် ယိုယွင်းပျက်စီးနေသဖြင့် စန္ဒာမုနိကျောင်းတိုက် ဆရာတော်နှင့် ဂေါပကအဖွဲ့က ဘက်စုံပြုပြင်ခဲ့သည်။

ရွှေဟောင်းသမိုင်းဝင် မဟာစန္ဒာမုနိဘုရားဝင်းအတွင်းတွင် အေးငြိမ်းချမ်းသာနဂါးရုံဘုရားအား ဖူးတွေ့နိုင်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးဦးထိပ်ထား၍ စန္ဒာမုနိကျောင်းတိုက်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် တည်ထားကိုးကွယ်ခဲ့သည်။ အေးငြိမ်းချမ်းသာဆုတောင်းပြည့် နဂါးရုံဘုရားကြီးသည် အလျားနှင့်အနံ ၈၀ ပေပတ်လည်တွင် ရင်ပြင်ကျယ် ၂၇ ပေနှင့် နဂါးငါးကောင်ရစ်ခွေထားသည့် နဂါးပလ္လင်တော်ပေါ်တွင် အေးငြိမ်းချမ်းသာဆုတောင်းပြည့် ကျောက်သားဆင်းတုတော်မြတ်ကြီးအား ပူဇော်ခံထားရှိသည်။ အလေးချိန်မှာ နှစ်တန်ကျော်ရှိ၍ ဉာဏ်တော်မှာ ငါးပေ လေးလက်မဖြစ်သည်။ နဂါးရေကန်ကြီးမှာလည်း ၃၈ပေပတ်လည် ကျယ်ဝန်းသည်။ ဘုရားကြီး၏ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် ၁၁ပေကျယ်သော အုတ်လှေကားနှစ်စင်းနှင့် မုခ်ဦးတို့ဖြင့် မွမ်းမံထားသည်။



ရွှေဟောင်းသမိုင်းဝင် စန္ဒာမုနိဘုရားကြီး ကန်တော်မင်္ဂလာတို့မှာ ရှေးဟောင်းဗိသုကာလက်ရာများနှင့် တည်ဆောက်ထားသဖြင့် လာရောက်ဖူးမြော်လေ့လာကြရန် ဖိတ်ခေါ်လိုက်ရပါသည်။

**မောင်ပြည်သူ(မန္တလေး)**

# စာဖလေ့ မွေ့လျော်ကြပါစို့

'စာ'ဆိုသည်မှာ လူအချင်းချင်းကြား ဆက်သွယ်ပြောဆိုသော စကားဖြစ်သကဲ့သို့ အကြောင်းခြင်းရာမျိုးစုံကို ဖော်ပြနိုင်စွမ်းရှိသည်။ ထို့ကြောင့် စာပေသည် လူ့လောကကြီးတစ်ခုလုံး၏ မောင်းနှင်ရေးကိရိယာ၊ မီးရှူးတန်ဆောင်ဖြစ်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် အသက်သွေးကြောပမာ အရေးပါအရာရောက်သည်။ မျက်စိအစုံရှိသော်လည်း ကန်းနေသူအတွက် လူ့ကမ္ဘာသည် အချည်းအနှီးဖြစ်ရသလို စာမတတ်သူသည် ကမ္ဘာမြေအတွက် နေရာတကာမှာ အသုံးမဝင်နိုင်တော့ပါချေ။ စာပေသည် လူ့လောက၏ ဖန်တီးရှင်၊ လောက၏ အလင်းရောင်ဖြစ်သည်။ လူသားများ၏ တိုးတက်အောင်မြင်မှုပညာသည် စာပေအက္ခရာအရေးအသားမှာ အခြေခံအုတ်မြစ်ဖြစ်၏။

စာဟူသည် အကြောင်းအရာမရွေးကို ကိုယ်စားပြုပေးသည်။ စာ၏ ပေးစွမ်းနိုင်မှုထဲတွင် ပျော်ရွှင်ခြင်းကစ၍ ဒေါသနှင့်မျက်ရည်၊ ကြေကွဲလွမ်းဆွတ်၊ မေတ္တာနှင့် ကရုဏာ စသည့် လူတို့၏ခံစားမှုများ စိမ့်ဝင်နှစ်မျောလျက်ရှိသည်။ အမျိုးမျိုးအဖုံဖုံ ခံစားတွေးတောစဉ်းစားရာမှစ၍ စာပေဖြင့် အသိဉာဏ်ပညာကို ရရှိနိုင်၏။ လူနှင့်လူ့ပတ်ဝန်းကျင်အတွက် လေ့လာရှာဖွေသုတေသနပြုချက်များသည် စာပေအရေးအသားနှင့် မကင်းနိုင်။ ရှာဖွေတွေ့ရှိသမျှကို တစ်ဖန်ဖြန့်ဖြူးရာ၌လည်း စာပေအရေးအသားကို မသုံး၍မဖြစ်။ နိစ္စဓူဝအသက်ရှင်ရပ်တည်နေရသော လူ့ဘဝတွင်ကား စာပေ၏ အခန်းကဏ္ဍနှင့် အသုံးဝင်ပုံမှာ ရေးမကုန်၊ ပြောမပြီးနိုင်ပါချေ။ စာပေနယ်ပယ်သည် သမုဒ္ဒရာသဖွယ် ကျယ်ဝန်းနက်ရှိုင်းလှပေသည်။

ထို့ကြောင့် ယနေ့ ပညာခေတ်ကြီးတွင် လူတန်းစေ့ မကြောင့်မကြ၊ မတောင့်မတ နေလိုသူတိုင်းသည် စာကို ဖတ်ကြရမည်။ စာဖတ်ခြင်း ဓလေ့ဖြစ်သည့် ဝါသနာအထုံကို လေ့ကျင့်မွေးမြူကြရမည်။ စာပေမှာ ပျော်ရွှင်နှစ်သက်ကြရပါမည်။ သုတစာပေသည် 'လူတော်'တစ်ဦးဖြစ်စေနိုင်သည်။ ရသစာပေသည် လူကောင်းတစ်ဦး ဖြစ်ပေါ်စေသည်။ သုတစာပေသည် ဦးနှောက်မှတ်ဉာဏ် အဆင့်မြင့်တင်၏။ ရသစာပေသည် နှလုံးသားကို နူးညံ့စီးဆင်းစေသည်။ ဦးနှောက်ကြီးပါလျှင် လူတော်ဖြစ်ပြီး၊ နှလုံးသားရင့်မာက လူကောင်းဖြစ်စေ၏။ လူတော်လူကောင်းများ ဖြစ်ကြရန် စာဓလေ့ပျော်မွေ့ကြရမည်။

ဘိုးတော်ဘုရား(ဗဒုံမင်း)သည် မြန်မာနှစ် ၁၁၄၄ ခုနှစ်တွင် အမရပူရမြို့တော်ကို တည်ထောင်ခဲ့သည်။ ကုန်းဘောင်မင်း ၁၁ ဆက်တွင် နန်းစံသက်အကြာမြင့်ဆုံးမင်းဖြစ်၏။ ထိုအချိန်မှာ မြန်မာဘုရင်၏ ဩဇာသက်ရောက်မှုမှာ မြန်မာနိုင်ငံအောက်ဘက် တနင်္သာရီထိ။ အထက်ဘက်တွင် ရခိုင်နှင့် အာသံပြည်နယ်အထိ လွှမ်းမိုးသည်။ ဗဒုံမင်းသည် စာပေကျမ်းဂန်တတ်မြောက်ကျွမ်းကျင်လေ့လာလိုက်စားသော မင်းဖြစ်သည်။ အမရပူရမြို့တည်စဉ်က နန်းမြို့အနောက်မြောက်ထောင့် ဆင်ကြို့ရွှေကူဘုရားအနီးတွင် အုတ်တိုက်အဆောက်အအုံဖြင့် ပိဋကတ်တိုက်တည်ခဲ့သည်။ ဗဒုံမင်း၏ စာကြည့်တိုက်ဖြစ်ပြီး 'ရတနာပုံ ပိဋကတ်တိုက်'ဟု အမည်ပြုထားကြောင်း လေ့လာသိရှိနိုင်သည်။

'ရတနာပုံ ပိဋကတ်စာကြည့်တိုက်'တွင် စာပေကျမ်းစာများကို အခန်းနံပါတ်၊ အတွဲနံပါတ်များဖြင့် စနစ်တကျထားရှိခြင်းကြောင့် ထိုခေတ်ကတည်းက စာကြည့်တိုက်ပညာကို မြန်မာတို့ တတ်မြောက်ထားပြီဟု ဆိုရမည်။ ထိုအချိန်ကာလ အနောက်နိုင်ငံများရှိ စာကြည့်တိုက်များထက်ပင် စာပေများ စုံလင်ကြောင်း (The Kingdoms of AVA)တွင် 'မိုက်ကယ်ဆိုင်း'ဆိုသူမှ ရေးသားဖော်ပြထားခဲ့သည်။ ထို့ကြောင့်ပင် ဗဒုံမင်း(ဘိုးတော်ဘုရား)လက်ထက်တွင် ရဟန်းရှင်လူပညာရှိများ ထွန်းကားစေခဲ့ပါသည်။ ပညာရှိအမတ်ကြီး 'ဦးပေါ်ဦး' ဆိုသူမှာ ဘိုးတော်ဘုရား၏ လက်သုံးတော်အဖြစ် ထင်ရှားပြုပါသည်။ ဘိုးတော်ဘုရားသည် မင်းညီလာခံတစ်ခုတွင် ဦးပေါ်ဦးအား ဤသို့ဆိုပါသည်။

'ဟဲ့ ပေါ်ဦး ငါကိုယ်တော် သင့်ကို မေးခွန်းသုံးခုမေးမည်။ သင်က အဖြေကို တစ်ခုတည်းဖြင့် ဖြေဆိုရမည်။ ဖြေဆိုနိုင်ပါက ဆုတော်ငွေပေးသနားမည်။'

* ကွမ်း ဘာကြောင့် မူးသနည်း။

* မြင်း ဘာကြောင့် မပြေးသနည်း။

* စာဓလေ့ ဘာကြောင့် မမွေ့သနည်း။

အထက်ပါမေးခွန်းသုံးခုကို ပညာရှိ အမတ်ကြီး ဦးပေါ်ဦးက အောက်ပါအတိုင်း ဖြေဆိုလျှောက်ထားနိုင်ခဲ့သောကြောင့် ဘိုးတော်ဘုရားထံမှ ဆုငွေများ ရရှိခဲ့ပေသည်။

* မှန်ပါ အလေ့အထုံ၊ အတွေ့အကြုံမရှိ၍ ဖြစ်ပါသည်ဘုရား။

လူ့ဘဝသို့ရောက်လာသူတိုင်းအတွက် အရေးကြီးဆုံးသော လိုအပ်ချက်မှာ စားဝတ်နေရေးပြည့်စုံရေးဖြစ်သည်ဟု ဆိုသော်လည်း လူလိုသိ၊ လူလိုမြင်၊ လူလိုပြုမူ လှုပ်ရှားတတ်သော အသိဉာဏ်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ရရှိရေးသည် ပို၍ပင် အရေးကြီးပါသည်ဟု သဘာဝကျကျ ရှုမြင်ကာ လူ့အသိလူ့အလိမ္မာတို့ကို ရရှိစေနိုင်သော စာတတ်ခြင်း၊ စာဖတ်ခြင်းသည် လူတိုင်းအတွက် အရေးပါ အရာရောက်သည်။ ထို့ကြောင့် စာတတ်လျှင် စာဖတ်ကြရမည်။ စာဖတ်ခြင်းကို မွေ့လျော်နှစ်သက်ရမည်။ စာသည် အကြောင်းအကျိုးသိ၍ အကောင်းအဆိုးကို ချင့်ချိန်ဖန်တီးဆောင်ရွက်စေသည်။

* စာသည် လူ့ဘဝနှင့် ခွဲခြားနိုင်ကောင်းသော အရာမဟုတ်၊ အဘယ့်ကြောင့်ဆိုသော် စာသည် လူ့ဘဝကို လိုအပ်သလို ပုံသွင်းပေးနိုင်သောကြောင့် ဖြစ်သည်။ **(အောစကာဝိုင်းလ်)**

* စာပေက ပထမတွင် ဗဟုသုတကိုပေးမည်။ ဒုတိယတွင် စွမ်းရည်ကို ပေးမည်။ ထို့ကြောင့် ပထမ စာတတ်မြောက်အောင် သင်ရမည်။ ဒုတိယ လက်တွေ့လှုပ်ရှားရမည်။ **(ဒွိကွိယင်စီ)**

* စာဟာ လူသားအတွက် ဆေးတစ်ခွက်ပဲ။ **(ဂျော့ဘောရိုး)**

* စာဆိုတာ အမှောင်ထဲကနေပြီး နားကြားသူတွေရဲ့ နှလုံးသားကို ပျော်ရွှင်ချမ်းမြေ့အောင် သူ့ရဲ့ ချိုသာတဲ့တေးသီချင်းလေးကို တအေးအေးသီကျူးနေတဲ့ နိုက်တင်ဂေးလ်ငှက်ကလေးလိုပါပဲ။ **(ရှယ်လီ)**

* စာအုပ်တွေနှင့်ပြည့်နေသော အိမ်သည် ပန်းပေါင်းဝေဆာနေသော ဥယျာဉ်ကြီးနှင့်တူသည်။ **(အေလန်)**

* မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏။ **(မန်လည်ဆရာတော်)**

* စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာနှင့်၊ သာသည့်သီချင်း၊ အဲစောင်းငြင်းကို၊ မကင်းမပြတ်၊ ဖတ်ရွတ်လေ့ကျင့်၊ တီးမှုတ်လျက်သာ၊ နေကောင်းစွာ။ **(ဝန်ကြီးပဒေသရာဇာ)**

* မှတ်ပြန်သော်ကား၊ ဖတ်ပြန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကားနေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်။ **(ရှင်မဟာရဋ္ဌသာရ)**

* စာအုပ်များသည် ကမ္ဘာကြီးကို စိုးမိုးနေကြသည်။ **(ဗော်လ်တိုင်းယား)**

ယနေ့အချိန်အခါမှာ ပညာခေတ် (Knowledge Age)ဖြစ်၍ စာပေပညာရပ်ပေါင်းစုံသည် တစ်နေ့တစ်ခြား တိုးတက်လျက်ရှိသည်။ (ICT)ခေါ် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာသည် လူ့အဖွဲ့အစည်းတွင် မရှိမဖြစ်၊ မတတ်မဖြစ် အရေးကြီး လိုအပ်လျက်ရှိသည်။ ပညာရပ်အမျိုးမျိုးကို နားလည်တတ်ကျွမ်းမှုမရှိ၊ မသိပါလျှင် ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ရပါမည်။ ယင်းအခြေအနေကို နားလည်သဘောပေါက်ကြသော ကမ္ဘာ့နိုင်ငံခေါင်းဆောင်အသီးသီးသည် မိမိတို့ နိုင်ငံရှိ ပြည်သူများ မျက်စိမြင်လျက်နှင့် အကန်းမဖြစ်စေရန် စာပေဖတ်ရှုခြင်း၊ စာဖတ်ရှိန်မြင့်မားစေခြင်း လုပ်ငန်းများကို ကြိုးပမ်းအားထုတ်နေကြသည်။

စာချစ်သူ၊ စာဖတ်သူများအတွက် စာပေသည် ဘဝအဖော်မွန်ဖြစ်သည်။ စာကောင်းပေကောင်းများကို လေ့လာစုဆောင်းရမည်။ လူသားအကျိုးပြု တွေ့ရှိချက်အသစ်များ၊ တီထွင်ဆန်းသစ်မှုများကိုလည်း စာပေအက္ခရာတည်၍ တစ်ပါးသူအား အသိပေးဖြန့်ဖြူးရမည်။ စာပေ၊ တေးဂီတ၊ ပန်းချီ၊ ပန်းပု စသည့် အနုပညာဆိုသည်မှာ တိုင်းပြည်၏ အမွေအနှစ်အဖိုးတန်ရတနာများဟု သတ်မှတ်ထားရှိကြသည်။ ရေးသားဖန်တီးသူများက စာကောင်းပေမွန်များကိုသာ ရေးသားပြုစုရန် လိုအပ်ပါသည်။ စာဖတ်သူ စာကို နှစ်သက်သဘောကျသည့် စာချစ်သူများသည်လည်း အကျိုးပြုစာပေများကိုသာ ရွေးချယ်ဖတ်ရှုနိုင်ရန် အရေးကြီးလှသည်။ သို့မှသာ စာဓလေ့မွေ့လျော်ခြင်းအားဖြင့် စာပေသည် လူသားအကျိုးပြုအင်အားစု၊ လောကရှေ့ဆောင် မီးရှူးရောင်ကြီးအဖြစ် ထွန်းလင်းတောက်ပနေမည်ဖြစ်ပေတော့သတည်း။

**နွေးထွေး(ပုသိမ်ကြီး)**

# ပဋ္ဌမအကြိမ်မြောက် ကျေးရွာမ,တည် ရန်ပုံငွေစီမံကိန်း အသင်းသား၊ အသင်းသူများအား ငွေထုတ်ချေး

**နတ်မောက် ဩဂုတ် ၂၀**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီး များ ရရှိနိုင်စေရန် ရည်ရွယ်၍ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျောက် တန်းကျေးရွာအုပ်စု၊ စိုင်ကောင်း ကျေးရွာ၌ ပဋ္ဌမအကြိမ်မြောက် ရန်ပုံငွေပြန်လည် ထုတ်ချေးခြင်း ကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ကျေးရွာမ,တည် ရန်ပုံငွေစီမံကိန်း(VRFP) ဆောင် ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများ ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက ကျေးရွာမ,တည်ရန်ပုံ ငွေစီမံကိန်း စီမံခန့်ခွဲမှုကော်မတီဝင် များထံ ရန်ပုံငွေလွှဲပြောင်း ပေး အပ် သည်။ ထို့နောက် ကျေးရွာ မ,တည်ရန်ပုံငွေစီမံကိန်း စီမံခန့်ခွဲမှု ကော်မတီဝင်များက စိုင်ကောင်း ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၁ဦး ငွေကျပ် သန်း ၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၅ဦး ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူတစ်ဦး ငွေ ကျပ် ၀ ဒသမ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၇ဦး ကို ပဋ္ဌမအကြိမ်မြောက်အဖြစ် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၆သန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မှုမှုစန်း





# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မိုင်းဖြတ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက စိုက်ပျိုး ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ကျေးရွာ စာကြည့်တိုက်များကို ကွင်းဆင်း ကြည့်ရှု စစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင် နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိဌာန ဆိုင်ရာများသည် နမ့်ကုန်းကျေးရွာ အုပ်စု၊ ဟောင်ဟင်ကျေးရွာ၊ ကွင်းအမှတ်(၂၆-က)တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဆင်း ဧကရီ (၃) မိုးစပါး ၅ ဧက စံပြစိုက်ခင်း ဆောင်ရွက်ထားရှိမှု အား ကွင်းဆင်းကြည့်ရှု စစ်ဆေး ခဲ့သည်။

ထို့နောက် ကချင်စံပြကျေးရွာ ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ ၁၈သန်းဖြင့် ဆိုင်ဆတ်ရေလွှဲဆည်တွင် Bed Floor(ပေ ၈၀ × ၁၅ ပေ) Slope (၁၅ ပေ × ၇ ပေ ၆ လက်မ) ကျောက်ပန်းရံဆောင်ရွက်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကို ကွင်းဆင်းကြည့်ရှု စစ်ဆေး ခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန် ရှိသူများသည် ဆိုင်းလေကျေးရွာ ရှိ စာပန်းဝေဝေစာကြည့်တိုက်၏ မြေပြင်အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ပြီး ကျေးရွာစာကြည့် တိုက် ကော်မတီဝင်များနှင့် တွေ့ ဆုံ၍ စာကြည့်တိုက် ဥပမိရပ် ကောင်းမွန်စေရေး၊ ရှင်သန်ခိုင်မာ သည့်စာကြည့်တိုက် ဖြစ်စေရေး အတွက် လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် (VDP) စီမံကိန်းရန်ပုံငွေဖြင့် ပွင့်ဖြူမြို့နယ်၊ မင်းတဲကုန်းကျေးရွာ ရှိ ဒေသခံပြည်သူများ ရာသီ မရွေး အဆင်ပြေစွာ သွားလာနိုင် ရေးအတွက် ကျေးရွာတွင်း မြေ သားလမ်းအား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင် ဆောင် ရွက်လျက်ရှိကြောင်း အဆိုပါ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရ သည်။ **(အောက်ပုံ)**

ပွင့်ဖြူမြို့နယ် မင်းတဲကုန်း ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄ ဒသမ ၂ သန်း၊ စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၂ သန်းဖြင့် ကျေးရွာတွင်း လမ်းအရှည် ပေ ၆၄၀ အား လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့်ထု ၆ လက်မ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင် ဆောင်ရွက်ခြင်းဖြစ်ကာ ယင်းကွန်ကရစ်လမ်း အဆင့်မြှင့် တင်ခြင်းလုပ်ငန်းကို ကျေးရွာ စီမံကိန်းလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၁၅ရက်ကစပြီး ကျေးရွာ နေပြည်သူများကိုယ်တိုင် တာဝန် ယူ ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုလက်ရှိတွင် ကျေးရွာ တွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းမှာ ၆၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်း အရည်အသွေး ပြည့်မီစေရေး အတွက် လိုအပ်သည့် နည်းပညာ များကို ပွင့်ဖြူမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်း များက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ သွားလာရေး အဆင် ပြေစေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်း (VDP) စီမံကိန်း ရန်ပုံငွေနှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် မင်းတဲကုန်း ကျေးရွာအပါအဝင် ကျေးရွာ ၁၂ ရွာတွင် မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်း ၇ခုနှင့် ကျေးရွာ တွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းငါးခုတို့ကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က ပြောပြ၍ သိရသည်။ **(၄၄၅)**



# ကျောက်ဆည်မြို့နယ်တွင် ကန်စွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ် ကျီးပြကျေးရွာတွင် ကန်စွန်းရွက် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး စိုက်ပျိုး ရောင်းချသူများ အဆင်ပြေလျက်ရှိ ကြောင်းနှင့် ကျေးရွာပြည်သူများ အနေဖြင့် ယာမြေနှင့်ကိုင်းကျွန်းမြေ များတွင် နေ့စဉ်ဝင်ငွေရရှိသော ဆူးပုတ်၊ ချဉ်ပေါင်၊ ကြက်သွန် မိတ်၊ ပင်စိမ်း၊ ဆလပ်၊ ဘူး၊ ငရုတ်၊ ကြက်ဟင်းခါး၊ တိုင်ထောင် ပဲတောင့်ရှည်၊ ခရမ်း စသည့် ကာလတို ကုန်စိမ်းသီးနှံများလည်း စိုက်ပျိုးကြသည်။

ကန်းစွန်းရွက်သီးနှံများ စိုက် ပျိုးရာတွင် အပင်ကျဲစိုက်ပျိုးခြင်း နှင့် အစိပ်စိုက်ပျိုးခြင်းဟူ၍ နှစ် မျိုးရှိကြောင်း၊ အကျဲစိုက်ပျိုးပါ တစ်ဧက မျိုးစေ့အထုပ် ၂၀ အသုံး ပြုရပြီး အစိပ်စိုက်ပျိုးမည်ဆိုပါက မျိုးစေ့အထုပ် ၄၀ အသုံးပြုရ ကြောင်း၊ ရေကြိုက်နှစ်သက် သည့်အတွက် မြေပေါင်များ ပြု လုပ်၍ တစ်ကျင်းနှင့်တစ်ကျင်း ငါးလက်မခန့်ခြားပြီး မျိုးစေ့နှစ်စေ့ မှ သုံးစေ့ခန့် ပင်ကြားတန်းကြား ညီညီ အတန်းလိုက်စိုက်ပျိုးရ ကြောင်း၊ မြေခံအဖြစ် သဘာဝ မြေသြဇာနွားချေးများ ထည့်သွင်း ကာ မြေပြင်စိုက်ပျိုးပြီး အစိုဓာတ် မပြတ် ရေသွင်းပေးပါက အပင် များ ပိုမိုဖြစ်ထွန်းကြောင်း ကျီးပြ ကျေးရွာမှ ကန်စွန်းစိုက်တောင်သူ ဦးမြင့်မောင်က ပြောပြသည်။

ကန်စွန်းသီးနှံသည် စိုက်ပျိုး ပြီး ရက်ပေါင်း ၄၀ကျော်တွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ရောင်းချရာတွင် ကန်စွန်းအညွန့် သန်မာမှုအပေါ်မူတည်ပြီး အညွန့် ငါးညွန့်မှ ရှစ်ညွန့်အထိ အစည်း များစည်းပြီး ရောင်းချကြောင်း၊ ကန်စွန်းတစ်ဧက စိုက်ပျိုးမည်ဆို ပါက မြေအမျိုးအစားအပေါ် မူတည်၍ ငွေကျပ်သုံးသိန်းခွဲမှ ငွေ ကျပ်လေးသိန်းကျော် ကုန်ကျစရိတ် ရှိကြောင်း ရောင်းချရာတွင် နေ့စဉ် ခူးဆွတ်ရောင်းချရသဖြင့် တောင်သူ များ အနေဖြင့် စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရ သည်။

(အောက်ပုံ)

(၄၈၅)



# စက္ကူစက်ရုံ(ရေနီ) ပြန်လည်လည်ပတ်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ) သို့ ရောက်ရှိရာ တစ်နေ့တန် ၂၀ ထုတ်လုပ်နိုင်သည့် ထုပ်ပိုးစက္ကူစက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်နေမှု၊ စစ်ဆေးပြုပြင်ပြီးစက်ကိရိယာများ စမ်းသပ်လည်ပတ်မောင်းနှင်နေမှု၊ အလိုအလျောက် ထိန်းချုပ်မောင်းနှင်သည့်စနစ်များ စစ်ဆေးပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကုန်ကြမ်းပစ္စည်းများအား စနစ်တကျသန့်စင်ပြီးမှသာ သုံးစွဲရန်၊ ကုန်ကြမ်းသန့်စင်မှု မရှိလျှင် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင်လည်း ချွတ်ယွင်းမှုများဖြစ်ပေါ်လာနိုင်ပြီး ကုန်ချောများ၏ အရည်အသွေးကိုလည်း ထိခိုက်နိုင်မည်ဖြစ်သဖြင့် စနစ်တကျစစ်ဆေးပြီးမှသာ အသုံးပြုရန်၊ စက်ပစ္စည်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ စက်ပစ္စည်းများကို ရေရှည်အသုံးပြုနိုင်အောင် စနစ်တကျဆောင်ရွက်ရန်၊ စက်ရုံလည်ပတ်၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများကို အမြန်ဆုံးဝယ်ယူဖြည့်တင်းရန်၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများပြီးစီး၍ စဉ်ဆက်မပြတ်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည့်စုံစွာဖြည့်တင်းထားရန်၊ စစ်ဆေးပြုပြင်ပြီးစီးသည့် စက်ပစ္စည်း ကိရိယာများအား သံချေးတက်ခြင်း၊ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ဆေးများပြန်လည်သုတ်ထားရန်၊ ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရန်၊ ကုန်ထုတ်လုပ်မှုနည်းစဉ်များနှင့်ပတ်သက်၍ မွမ်းမံသင်တန်းများဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းခွင်မပြတ်ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြစ်သားမြို့နယ်တွင် နှမ်းစိုက်ခင်း(၃၅၆၁)ဧက စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မြစ်သား ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကျေးလက်နေဒေသခံ တောင်သူများ နှမ်းစိုက်ခင်း(၃၅၆၁)ဧက စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။



မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေး အဆင်ပြေမှုကြောင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်လာသဖြင့် ဒေသခံတောင်သူများက သီးနှံများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိရာ ယခုအခါ နှမ်းများစိုက်ပျိုးရန်အတွက် မိုးဦးမကျခင်ကာလမှစတင်ကာ ယာမြေများကို ပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ ပေါင်းကောက်ခြင်းများ ပြုလုပ်ကာ ယာထွန်ခ တစ်မနက်လျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းပေးပြီး ပေါင်းကောက်ငှားရမ်းခ တစ်မနက်ခင်း ငွေကျပ် ၄၀၀၀၀ နှုန်းဖြစ်ကြောင်းနှင့် ဒေသခံတောင်သူများသည် နှမ်းစိုက်ရာတွင် ပေါင်ကန့်ရေသွင်းစနစ်ဖြင့် မျိုးစေ့ချ စိုက်ပျိုးခြင်းဖြစ်ပြီး တစ်ဧကလျှင် ၁ ပြည်နှင့် ၄ ဘူးသာကုန်ကျ၍ နှစ်လခန့်အကြာတွင် နှမ်းစိုက်ခင်းများ အပွင့်၊ အသီးစတင်ဖူးပွင့်ပြီး လေးလခန့်အကြာတွင် စတင်ရိတ်သိမ်း၍ရပါကြောင်း၊ နှမ်းတစ်တင်းကို ငွေကျပ် ၁၅၀၀၀၀ နှင့် ၁၆၀၀၀၀ ဈေးနှုန်းရှိသဖြင့် တစ်ဧကအထွက်နှုန်းမှာ ၁၆ တင်းဝန်းကျင် ထွက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ယခုနှစ်နှမ်းစိုက်ပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် နှမ်းများရိတ်သိမ်းပြီးစီးချိန်တွင် ပဲတီစိမ်းစသည့် ဆောင်းသီးနှံများကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ပြီး သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် စိုက်ပျိုးရန်အတွက် သက်တမ်းတိုးပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(ဝင်းမင်းထွန်း)

၀-၀-၀-၀-၀

# U-12 Junior Soccer World Challenge ပြိုင်ပွဲ ပထမနေ့တွင် မြန်မာ ယူ-၁၂ အသင်း ဂျပန်ကလပ်များကို တစ်ပွဲနိုင်၊ တစ်ပွဲသရေကျ

**ရန်ကုန် ဩဂုတ် ၂၀**

U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဩဂုတ် ၂၀ ရက်က ဂျပန်နိုင်ငံ ချီဘားမြို့၌ကျင်းပရာ မြန်မာ ယူ-၁၂ အသင်း တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုပထမနေ့တွင် နှစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမပွဲတွင် ဂျပန်ကလပ် တိုစူကာလူငယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဒုတိယပွဲတွင် ဂျပန်ကလပ် ကာရှီမာအန်တာလာ လူငယ်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ပထမအဆင့် အုပ်စုပွဲစဉ်များကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီ နောက်ဆုံးအဆင့် တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် နောက်ဆုံးအဆင့် တက်ရောက်ခွင့်ရရန် အခြေအနေကောင်းနေသည်။ မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၂၁ရက်(ယနေ့)နံနက်ပိုင်းတွင်ဘာဆာရာပဟိုဂိုလူငယ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ - MFF



မြန်မာ ယူ-၁၂ အသင်းနှင့် ကာရှီမာအန်တာလာလူငယ်အသင်း ယှဉ်ပြိုင်ကစားစဉ်။

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၂၉ ပေ (၁၃၅၀ စင်တီမီတာ) အောက် သုံးပေခွဲခန့် (၁၀၆ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၂ ဒသမ ၈၁ ပေ (၁၀၀၀ စင်တီမီတာ) အောက် သုံးပေကျော် (၉၆ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်နှင့် မုံရွာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ